mgyoe.com

SAMPLE BOOK

# မောင်ခင်မင် (ဓနုဖြူ)

# စာပေအင်တာဗျူး

မိသားစုဘဝ

စာပေဘဝ

စာပေအမြင်

ဘာသာစကားအမြင်

မေးမြန်းချက်များနှင့် ပြန်လည်ဖြေကြားချက်များ

mgyoe.com

mgyoe.com
SAMPLE BOOK

# မောင်ခင်မင် (ဓနုဖြူ)

# စာပေအင်တာဗျူး

မိသားစုဘဝ

စာပေဘဝ

စာပေအမြင်

ဘာသာစကားအမြင်

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၁၃၊ ဇူလိုင်လ
အုပ်ရေ – ၅၀၀
■
ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
■
ပုံနှိပ်သူ
ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
■
ကွန်ပျူတာစာစီ
Dream City
■
အတွင်းဖလင်
အေဇက်
■
တန်ဖိုး
၂၅၀၀ ကျပ်

၈၉၅.၈
မောင်ခင်မင် (ဓနုဖြူ)
မောင်ခင်မင် (ဓနုဖြူ) စာပေအင်တာဗျူး/ မောင်ခင်မင် (ဓနုဖြူ)။
– ရန်ကုန်။
ရာပြည့်စာပေ၊ ၂၀၁၃။
၁၅၆ – စာ၊ ၁၃.၅ x ၂၁ စင်တီ။
(၁) မောင်ခင်မင် (ဓနုဖြူ) စာပေအင်တာဗျူး

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ


| | | | |
|---|---|---|---|
| – | အမှာစာ | မောင်ခင်မင် (ဓနုဖြူ) | |
| ၁။ | လှသောဘဝကို ထုဆစ်သူ | အောင်မောင်း | ၁ |
| ၂။ | ဝန်ထမ်းစာရေးဆရာ မောင်ခင်မင်ဓနုဖြူနှင့်တွေ့ဆုံခြင်း | ဩရ | ၂၁ |
| ၃။ | ၂၀၀၂ ခုနှစ် အမျိုးသားစာပေ စာပဒေသာဆုရ မောင်ခင်မင် (ဓနုဖြူ)နှင့် တွေ့ဆုံခြင်း | အောင်ကျော်ညွှန့် | ၅၈ |
| ၄။ | စာရိပ်ခိုမလိုက်လိုသော စကားပြေဥယျာဉ်မှူး ဂုဏ်ဆောင်စာပေပါရဂူ ဒေါက်တာဦးခင်အေး[မောင်ခင်မင်(ဓနုဖြူ)]နှင့် တွေ့ဆုံခြင်း | Life Style | ၆၄ |
| ၅။ | မောင်ခင်မင် (ဓနုဖြူ) သို့မဟုတ် ရောင့်ရောင့်ရဲရဲနေတတ်သော | အောင်ဇင်မင်း | ၈၂ |
| ၆။ | ဆရာမောင်ခင်မင်ဓနုဖြူနှင့် | Family | ၁၀၉ |
| ၇။ | မြန်မာစာဖွံ့ဖြိုးရေးနှင့် မြန်မာဘာသာဗေဒပညာရှင် | နေလင်းဝေ | ၁၂၃ |




mgyoe.com

mgyoe.com SAMPLE BOOK

မျိုးဆက်သစ်များကို ပြုစုပျိုးထောင်
ပေးနေမည့် မောင်ခင်မင် (ဓနုဖြူ)
၈။ ပြောပြီးရင်းပြောနေရမည့် ဉာဏ်သစ် ၁၂၉
ပြည်သူ့အသုံးအဆောင်
မြန်မာစကားပြေအကြောင်း
မောင်ခင်မင် (ဓနုဖြူ) နှင့် စကားစမြည်

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာ

ဤစာစုသည် ကျွန်တော့်ကို တွေ့ဆုံမေးမြန်း၍ ကျွန်တော်က ဖြေကြားသော အင်တာဗျူးများကို စုစည်းထားသော စာစုဖြစ်သည်။

တွေ့ဆုံမေးမြန်းသူများက အမေးအဖြေများကို အသံဖမ်းထားပြီး အသံပြန်ဖွင့်၍ ရေးသားလာသည်ကို ကျွန်တော်က တည်းဖြတ်အချောကိုင်ပေးရသော စာမျိုး ဤစာစုတွင် အနည်းအကျဉ်းပါပါသည်။ အများစုမှာမူ မေးမြန်းသူ၏ စာဖြင့် ရေးလာသော အမေးများကို ကျွန်တော်က စာဖြင့် ပြန်ဖြေပေးသော စာများ ဖြစ်ပါသည်။

အင်တာဗျူးစာမူများကို စုစည်းကြည့်သောအခါ ၁၉၉၀ ကျော်ကာလမှ ၂၀၁၀ ကျော်ကာလအထိ အနှစ် ၂၀ အတွင်း စာအုပ်တိုက်များ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များမှ တာဝန်ယူမေးမြန်းသူများ၏ အမေးများကို ဖြေကြားချက်များဖြစ်ကြောင်း သတိပြုမိပါသည်။ ထိုကာလအတွင်း ကျွန်တော် ဖြတ်သန်းရသော မိသားစုဘဝ၊ စာပေဘဝနှင့် ကျွန်တော် ခံယူသော စာပေအမြင်၊ ဘာသာစကားအမြင်များ တစေ့တစောင်း ထင်ဟပ်နေသည့် အင်တာဗျူးများ ဖြစ်ပါသည်။

အင်တာဗျူးများကို တစ်စုတစ်စည်းတည်း ပုံဖော်ခွင့်ရသည့်အတွက် သက်ဆိုင်ရာ စာပေတိုက်များ၊ မဂ္ဂဇင်းဂျာနယ်များနှင့် တွေ့ဆုံမေးမြန်းသူများ၏ ကျေးဇူးကို အမှတ်ထင်ထင် ဖြစ်ရပါသည်။ စာအုပ်ပုံနှိပ် ထုတ်ဝေပေးသော ဖူးပွင့်ဝေဝေစာအုပ်တိုက်ကိုလည်း ကျေးဇူးတင်ပါသည်။

၆–၁–၁၃

မောင်ခင်မင် (ဓနုဖြူ)



mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# လှပသော ဘဝကို ထုဆစ်သူ

ဆရာမောင်ခင်မင် (ဓနုဖြူ)က ထင်ရှားကျော်ကြားတဲ့ စာရေးဆရာ တစ်ယောက်လည်းဖြစ် တက္ကသိုလ်မြန်မာစာ တွဲဖက်ပါမောက္ခလည်းဖြစ်လို့ ကျွန်တော်ဟာ ဆရာနဲ့ သွားရောက်တွေ့ဆုံခဲ့ပါတယ်။

ဆရာဟာ သူ့စာတွေလိုပါပဲ။ အင်မတန်အေးငြိမ်းပြီး ဆရာနဲ့ စကားပြောရတာကိုက စာကြည့်တိုက်ကြီးတစ်တိုက်ထဲကို ရောက်နေရသလို ပါပဲ။ ဆရာဟာ ငယ်စဉ်က သူ့ဘဝတွေကို အေးအေးဆေးဆေးပဲ ပြောပြ ပါတယ်။ ဆရာ့အကြောင်းအရာတွေထဲမှာ ပြည်တွင်းစစ်၊ မူလတန်းကျောင်း သားဘဝ/ စာကြည့်တိုက်ထဲက သူ့ဘဝ၊ ခုနစ်တန်းကျောင်းသားဘဝ ခက်ခက်ခဲခဲ၊ တက္ကသိုလ်ရက်များ၊ မြန်မာစာ နည်းပြဆရာ၊ မြန်မာစာ လက်ထောက်ကထိက၊ မြန်မာစာ ကထိက၊ တွဲဖက်ပါမောက္ခစသည်ဖြင့် ဆရာ့ဘဝမှာ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာတာကိုလည်း ကျွန်တော် တွေ့ရပါတယ်။

ကျွန်တော်နဲ့ တွေ့ဆုံစဉ်မှာတော့ ဆရာဟာ ဆရာ့ဘဝအကြမ်းနဲ့ ပညာနဲ့ပတ်သက်လို့ ကနေ့လူငယ်တွေရဲ့ ခံစားမှုကို ဆရာ့အမြင်နဲ့ ထင်ဟပ် ပြီး ပြောပြသွားပါတယ်။

ဖူးပွင့်ဝေဝေ စာအုပ်တိုက်

mgyoe.com

ကနေ့လူငယ်တွေအပေါ် ပညာနဲ့ပတ်သက်လို့ ဆရာပြောချင်တာက ဆရာ့စေတနာ၊ ဆရာမေတ္တာ၊ ဆရာအတွေးအမြင်ကိုပဲ ကျွန်တော် ဖောင်းပေး တင်ပြသွားချင်လို့ ပညာနဲ့ပတ်သက်လို့ပဲ အထူးမေးမြန်းခဲ့ပါတယ်။

***"လူငယ်တွေ ပညာရှာဖို့ တံခါးကြီးနှစ်ပေါက် ရှိတယ်၊ တစ်ပေါက်က ဦးနှောက်တံခါးဖြစ်ပြီးတော့၊ တစ်ပေါက်က နှလုံးသားတံခါး ဖြစ်ပါတယ်"***

ဆရာ အဲသလိုအစချီပြီး အဲသည်တံခါးနှစ်ပေါက်အကြောင်းကို ရှင်းရှင်းလင်းလင်း တင်ပြသွားတာလည်း မှတ်သားစရာပါ။ လူငယ်တွေအတွက် တစ်စုံတစ်ရာ အကျိုးရှိမယ်လို့ ကျွန်တော် တင်ပြလိုက်ပါတယ်။

ကျွန်တော့်ဘဝက တောက စခဲ့တာပါ။ တောကပေါ့ဗျာ။ ကျွန်တော် မွေးဖွားကြီးပြင်းခဲ့ရာ ဓနုဖြူမြို့နယ်မှာ ကျုံတနီးဆိုတဲ့ ရွာကလေးတစ်ရွာ ရှိတယ်။ သည်ရွာဟာ ကျွန်တော့် ဇာတိပဲ။ ငယ်ငယ်ကတော့ မိဘတွေက လယ်ပိုင်ရှင်တွေပေါ့။ ချမ်းချမ်းသာသာ နေရတယ် ဆိုပါစို့။ အဲသလို မိဘအရိပ်အာဝါသမှာ အေးအေးချမ်းချမ်း နေလာရာက ကျွန်တော် ကိုးနှစ်သား ၁၉၄၉ ခုနှစ်လောက်မှာ ပြည်တွင်းစစ်ကြီး ဖြစ်လိုက်တာကစပြီး တိုင်းပြည် မငြိမ်မသက်ဖြစ်၊ ရွာကနေ မိသားလိုက် ထွက်ပြေး၊ ရွာလည်း မီးရှို့ခံရ၊ အဖေလည်း လူဆိုးတွေသတ်လို့ ဆုံးပါးခဲ့ရတယ်။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်နဲ့၊ အမေက မုဆိုးမဘဝ ဘာမှမလုပ်တတ် မကိုင်တတ်နဲ့ အထက်အညာက ဆွေမျိုးတွေဆီမှာ သွားနေခဲ့ရတယ်။ ၁၉၅၀ လောက်မှာ ရန်ကုန်ကို ရောက်လာတယ်။ စီးပွားပျက်၊ အဖေလည်းဆုံး၊ အိမ်ခြေရာခြေမရှိနဲ့ သုညကစတဲ့ဘဝနဲ့ ရန်ကုန်ကို ရောက်လာကြရတယ်။

ဒါ့ကြောင့် ကျွန်တော့်ဘဝက သုညကက စခဲ့တာပဲ။ ရန်ကုန်ရောက်လာတော့ ဗဟန်းကြားတောရလမ်းမှာ အိမ်ငှားနေပြီး အမေ့ဆွေမျိုးတွေဖြစ်တဲ့ အဒေါ်တွေနဲ့ နေရတာ။ စက်ချုပ်တဲ့လူက ချုပ်၊ ဈေးရောင်းသူက ရောင်းပြီး စားနေကြတဲ့ မိသားစုတွေပဲ။ သည်လို ရန်ကုန်ရောက်လာရတာကလည်း ဒုက္ခသုက္ခတွေကြားက အကောင်းတရားဖြစ်လာပြီး



mgyoe.com

ကျွန်တော့်ဘဝ သည်လို ဖြစ်ရတယ်လို့ အကောင်းဘက်က လှည့်တွေးရင်တော့လည်း ရတာပေါ့လေ၊ သည်လိုလည်း တွေးနိုင်တာပဲ။ တောမှာနေရင်က ဆယ်တန်းလောက်အောင်ရုံနဲ့ ပြီးရင်လည်း ပြီးသွားမယ်။ မြို့တက်ကျောင်းနေလို့ ဘွဲ့ရတစ်ယောက် ဖြစ်ချင်ရင်လည်း ဖြစ်သွားမယ်၊ ဒါလောက်ပဲ ဖြစ်ချင်လည်း ဖြစ်သွားနိုင်တာကိုး။

ဒါ့ကြောင့် ကျွန်တော် သုံးသပ်တာက ကစဥ့်ကလျား ပြေးရင်းလွှားရင်းက ရန်ကုန်မှာ သောင်လာတင်ရင်း တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားရတဲ့ ဘဝအခြေအနေလို့ ပြောရင်လည်း ရတာပါပဲ။ ရန်ကုန်မှာ ကျွန်တော် တော်တော်နဲ့ ကျောင်းမတက်ဖြစ်ဘူး။ မျက်စိကလည်း မကောင်း၊ ကျန်းမာရေးကလည်း မကောင်းတော့ ငယ်ငယ်ကတည်းက အားကစားတို့ ဘာတို့မှာ အသုံးမတည့်ခဲ့တာလည်း ရှိတယ်။ ဝါသနာလည်း မပါဘူး။ ကိုယ့်ဘဝပေး အခြေအနေက စာအုပ်တွေနဲ့ မနီးစပ်ဘဲ၊ အဖော်မလုပ်ဘဲ မရတဲ့ အခြေအနေဆိုတော့ အားအားရှိ စာဖတ်နေရတာကိုက ဝါသနာ ဖြစ်လာရတယ်။ ကျန်းမာရေး မကောင်းတာ ကျေးဇူးတင်ရမလို ဖြစ်နေရတော့တာကိုး။ အခြေအနေတစ်ခုက ကျွန်တော့်အဘိုး (အမေ့ဖခင်) က ကျောင်းဆရာ။ သူကလည်း အထက်အညာဘက်က သီပေါမင်းပါတော်မူတော့ ပြေးလာရင်းက ကျွန်တော်တို့ရွာကိုရောက်၊ ကျွန်တော့်ဘွားအေနဲ့ အိမ်ထောင်ကျခဲ့သူပါ။ သူကလည်း စာသမား ပေသမား၊ ငယ်ငယ်ကတည်းက စာတွေ ပေတွေ ဖတ်သူဆိုတော့ ကျွန်တော်နဲ့ ဟန်ကျနေတယ်။ အဘိုးစာအုပ်တွေဖြစ်တဲ့ ဒဂုန်မဂ္ဂဇင်းတွေ၊ ဒီးဒုတ်ဂျာနယ်တွေ အိမ်မှာရှိတယ်။ ကျောင်းမနေခင်ကတည်းက စာတတ်နေခဲ့ရတာလည်း အဘိုးကျေးဇူးပဲ။ ကျောင်းနေတော့လည်း ပထမတန်းက စပြီးနေခဲ့ရတာ။ ဒါ ရွာပျက်တဲ့အထိပဲ။ ရွာပျက်တော့မှ သုံးတန်းအောင်ရုံပဲ ရှိပါသေးတယ်။ ပြန်ဆက်ရရင် ရန်ကုန်ရောက်ရောက်ချင်း ကျောင်းမနေရသေးဘူး။ အိမ်ကလည်း ဝေးဝေးလံလံလွှတ်ဖို့ စိတ်မချတာလည်း ပါတယ်။

နောက်တော့ အခု ကန်တော်ကြီး မြေပဒေသာနားက ရပ်ကွက်မှာ မြူနီစပယ်ကျောင်းကလေးရှိတယ်။ အဲသည်မှာ ကျောင်းထားပါလားလို့


m g y o e . c o m

ဘေးကပိုင်းပြီး အမေ့ကို အကြံပြုကြတယ်။ တစ်ခါ ဘာရှိသလဲဆိုတော့ ကျွန်တော်တို့ ငှားနေတဲ့ အိမ်ရှေ့တည့်တည့်မှာ ဗမာနိုင်ငံ လူငယ်များ အစည်းအရုံး (ဗ.လ.စ) ဆိုတာ ရှိတယ်။ အဲသည်မှာ စာကြည့်တိုက် ကလေးရှိတော့ မနက်တိုင်း အဲသည်မှာ စာအုပ်သွားဖတ်၊ သတင်းစာ ထိုင်ဖတ်တော့ အဲသည်က လူငယ်တွေက မင်းစာအုပ်ငှား ဝါသနာပါရင် စာအုပ်ငှားပါလားဆိုပြီး ရှုမဝမဂ္ဂဇင်းတို့၊ ဆရာကြီး ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ မြစကြာ စတဲ့ဆရာကြီးတွေရဲ့ စာအုပ်တွေ ဖတ်ဖြစ်နေပြီ။ တစ်ခါ ဗဟန်းဈေးထိပ်မှာ ဦးသိန်းမြင့် သတင်းစာဆိုင် တစ်ဆိုင်ရှိတယ်။ ဦးသိန်း မြင့်ဆိုတဲ့သူက ရောင်းတာ။ ဟိုတုန်းက သတင်းစာတွေကလည်း တော်တော်များတာကိုး။ ဒါတွေဖတ်ခဲ့တာလည်း အတော့်ကို အကျိုး ပြုခဲ့ပါတယ်။ မြန်မာ့အလင်း၊ ဗမာ့ခေတ်၊ ရန်ကုန်၊ နေးရှင်း၊ သမာဓိ၊ စီးပွားရေး၊ တိုးတက်ရေး၊ သူရိယ၊ ဘားမင်း စတာတွေ။ ဦးသိန်းမြင့်က သူ့ဆိုင်မှာ မိုးတိုးမတ်တတ် သတင်းစာဖတ်တာကို ကြည်ကြည်ဖြူဖြူ လက်ခံတယ်။ ဖတ်တော့ ဦးသိန်းမြင့်က တစ်နေ့ ဟေ့ ကောင်လေး မင်း နေ့တိုင်းလာ လာဖတ်ရတာ ပင်ပန်းပါတယ်ကွာ။ အဲသလို မလာနဲ့ တော့ ကြိုက်တဲ့သတင်းစာယူသွားပြီးမှ လာပြန်ပေးလို့ ခွင့်ပြုတော့ ကျွန်တော့်မှာ အဆင်ပြေသွားတယ်။

ဟိုတုန်းက သတင်းစာဆိုတာက သတင်းမှ မဟုတ်ဘူး။ နေ့စဉ် ပါနေကျ ဝတ္ထုတွေလည်း ပါတယ်။ ဆရာရန်အောင်တို့ ဂျာနယ်ကျော် တင့်ဆွေတို့ ရေးတာတွေ ပါတယ်၊ ယမန်နေ့မှအဆက်တို့ မနက်ဖြန် ဆက်ဖတ်ပါတို့ပေါ့လေ။ ဒါ့ကြောင့် သည်စာကြည့်တိုက်နဲ့ သည်သတင်းစာ တွေကလည်း ဘဝမှာ တော်တော်အကျိုးပြုခဲ့တယ်လို့ သည်နေရာမှာ ကျွန်တော်ပြောချင်ပါတယ်။ စာဖတ်သက်လည်း ရလာတော့မှ ကျောင်း ထားပါလားဆိုတဲ့ အသံတွေနဲ့ ကျွန်တော့်ကို ကျောင်းနေခွင့်ပြုခဲ့ပါတယ်။ အဲဒီ ၁၄ နှစ်မှာ ကန်တော်ကြီး မြို့နီစပယ်ကျောင်းမှာ လေးတန်းပြန်တက် ရတယ်။ ဟိုတုန်းက တိုင်းပြည်က မငြိမ်မသက်ဆိုတော့ အတန်းထဲမှာ အသက်ကြီးကြီး မတိမ်းမယိမ်းတွေချည်းပါပဲ။ အားငယ်စရာတော့ မရှိဘူး။



mgyoe.com

m g y o e . c o m


ကျွန်တော် ငယ်ငယ်ကတည်းက အာရုံကလည်း ငါစာကြိုးစားမှ ဖြစ်မယ်ဆိုတာ ရှိတယ်။ စာတော်မှ ကိုယ့်ကိုယ်ကိုယ် အားကိုးရမှာဆိုတဲ့ စိတ်ကလေးကလည်း ကျွန်တော့်ကို တွန်းအားပေးပါတယ်။ အတန်းထဲမှာ ပထမချည်းရတယ်။ ဆရာတွေကလည်း ချစ်တယ်။ ဟိုတုန်းက လေးတန်းက ဂုဏ်ထူးပေးတော့ ဂုဏ်ထူးနဲ့ ပထမအဆင့်ကအောင်တော့ မြို့တော်ခန်းမမှာ ဆုတွေဘာတွေ ယူခဲ့ရတာလည်း မှတ်မိတယ်။ ငါးတန်းရောက်တော့ ဗဟန်းအစိုးရ အလယ်တန်းကျောင်းလို့ခေါ်တဲ့ ဘောင်ဒရီကုန်းပေါ်က ကျောင်းမှာ တက်ရတယ်။ အဲသည်တုန်းက ကျောင်းအုပ်ဆရာမကြီးက ဒေါ်ပုလေးတဲ့။ ဆရာမကြီးက လူပုံ ခနော်ခနဲ့နဲ့ စာကြိုးစားတဲ့ ကျွန်တော့်ကို သဘောကျတယ်။ သနားတာလည်း ပါမှာပေါ့လေ။ စာဖတ်ဖို့ အားပေးတယ်။ အစိုးရစတိုင်ပင် လျှောက်ခိုင်းတော့ လျှောက်တာနဲ့ ခြောက်တန်းကတည်းက အစိုးရ စတိုင်ပင်ရတယ်။ တစ်လ ၇ ကျပ်ရတာ။ ဟိုတုန်းက ၇ ကျပ်က တော်တော်သုံးလောက်တယ်။ ငါးလလောက် ပေါင်းပြီးမှ ၃၅ ကျပ်ရရင် ကျွန်တော် အကုန်လုံး စာအုပ်တွေဝယ်ပစ်တာပဲ။ အိမ်ကလည်း သားရတာ သုံးပါဆိုတော့ စာအုပ်တွေဝယ်တယ်။ အားငယ်စိတ်တွေ၊ ကျန်းမာရေးမကောင်းတာတွေ မတွေးမိတော့ဘူး။ ကျွန်တော်ကလည်း ပျော်နေတာပဲ။

ဒီလိုနဲ့ ကျွန်တော်ဟာ စာတော်တဲ့ ကျောင်းသားဆိုပြီး ဆရာတွေရဲ့ ချစ်ခင်မှုကို ခံရတယ်။ ကျောင်းမှာ စာကြည့်တိုက်မှူးဖြစ်တယ်။ ကျောင်းသားသမဂ္ဂတွေ ရှိတုန်းကတည်းက စာကြည့်တိုက်မှူးဖြစ်တယ်။ ၅ တန်းက ၇ တန်းအထိ စာကြည့်တိုက်ကို ကောင်းကောင်းထိန်းနိုင်ခဲ့တယ်။ ဆရာမကြီးကလည်း ကောင်းကောင်း၊ လေ့ကျင့်ပေးတော့ အစည်းအဝေးတွေ ဘာတွေမှာ အခမ်းအနားမှူး လုပ်တတ်နေပြီ။ ကျဘမ်းတို့ စကားရည်လုပွဲတို့မှာလည်း စကားကောင်းကောင်း ပြောတတ်နေပြီ။ အဲဒီတုန်းက ကျောင်းတွေက အလေ့အကျင့် သိပ်ကောင်းတယ်။ ဆရာဦးငြိမ်းမောင် (ဂီတစာဆို "သူ") ကလည်း ကောင်းကောင်း လေ့ကျင့်ပေးတယ်။ ကျွန်တော် ၅ တန်းအောင်တဲ့ နှစ်မှာ အမေဆုံးတယ်။ အမေက ဓနုဖြူ


m g y o e . c o m

ပြန်ပြီး ဈေးလေး ဘာလေး ရောင်း၊ ရှိတဲ့ရွှေလေး ဘာလေးလည်း ရောင်းစားရတာ။ ဗဟန်းဈေးထဲမှာလည်း အမေ ဈေးရောင်းဖူးတယ်။ အမေဆုံးတော့ ကျွန်တော် ၁၅ နှစ်သားရှိနေပြီ။ ကျွန်တော့်အစ်ကိုကလည်း စစ်တပ်ထဲ ဝင်သွား၊ အမေကလည်း ဆုံးဆိုတော့ ပညာတစ်ပိုင်းတစ်စနဲ့ ယောင်တောင်တောင် ဖြစ်နေတယ်။ အဲဒီမှာ ကျွန်တော့်အဒေါ်နဲ့ သူ့သမီး အပျိုကြီးနှစ်ယောက်က စောင့်ရှောက်ထားတယ်။ ကျွန်တော့် ကျေးဇူးရှင် တွေပါပဲ။ ဒီအခြေအနေဟာ စဉ်းစားကြည့်ရင် တော်တော် ကြောက်စရာ ကောင်းတဲ့ အခြေအနေပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်မှာ ကျွန်တော့် မိဘတွေလည်း ဆုံးကုန်တယ်။ အဲဒီအချိန်မှာ ကျွန်တော် ပျက်စီးချင်လည်း ပျက်စီးသွားနိုင်တဲ့အရွယ်၊ မကောင်းတဲ့ အပေါင်းအသင်းတွေနဲ့ ပေါင်းပြီး အချိန်မရွေး ပျက်စီးနိုင်တယ်။ ဒါပေမဲ့ ကျွန်တော်က စာတွေဖတ်ထားခဲ့တော့ ကိုယ့်ဘဝကို တိုးတက်အောင် ကိုယ်ပဲလုပ်ရမယ်ဆိုတဲ့ အသိရှိတယ်။ ဒါဟာ စာပေက ကျွန်တော့်ကို တည့်မတ်ပေးတဲ့ သဘောပဲ။ ဒါကြောင့် လူငယ်တွေဟာ စာကို ဖတ်သင့်တယ်လို့ ကျွန်တော် ထင်တယ်။ ဆရာမ ကြီးက ဒါကို သိတော့ ခုနစ်တန်းမှာ စကောလားရှစ်ရအောင် ကူညီ တယ်။ စကောလားရှစ် သတ်မှတ်ထားတဲ့အသက်ထက် ကျွန်တော်က နှစ်နှစ်ကြီးနေတော့ ဆရာမကြီးက ကျွန်တော့်အသက်နှစ်နှစ်ကို သက္ကရာဇ် ဖြုပြီး ဝင်ဖြေခိုင်းတယ်။ ကျွန်တော့်ဘဝကို သိလို့ ကူညီခဲ့တာပါ။ ၁၉၅၇ ခုနှစ်က ခုနစ်တန်း ဖြေရတာ စကောလားရှစ်အတွက် တစ်ပုဒ်၊ တစ်ပုဒ် ပိုဖြေရတယ်။ သူများက ၅ ပုဒ်ဆိုရင်၊ စကောလားရှစ်သမားက ၆ ပုဒ် ဖြေရတယ်။ ပိုဖြေရတဲ့တစ်ပုဒ်က အလွန်ခက်တယ်။ အဲဒီနှစ်က ရန်ကုန် တစ်ခရိုင်လုံးမှာ ပထမရတယ်။ ရှစ်တန်းရောက်တော့ ဗဟန်း အစိုးရ အထက်တန်းကျောင်း (အ.ထ.က ၁) ဗဟန်း၊ အဲဒီမှာရှစ်တန်းနဲ့ ကိုးတန်း နေခဲ့တယ်၊ အဲသည်တုန်းက ကိုးတန်းနဲ့ ဆယ်တန်းကို တက္ကသိုလ်ဝင်တန်း လို့ ခေါ်တယ်။ စောင့်ရှောက်တဲ့ အဒေါ်နဲ့အစ်မတွေကလည်း မငြိုငြင်ကြ ပါဘူး။ ဒီကျေးဇူးရှင်တွေကြောင့် ဒီဘဝ ဒီလိုဖြစ်လာရတာပါ။ ကျွန်တော်စ ငယ်ငယ်ဒုက္ခရောက်ချိန်တုန်းက ဘယ်ဆွေမျိုးကမှ မကြည့်ခဲ့ဘူး။ ဒီ ကျေးဇူး


mgyoe.com

ရှင်တွေကပဲ စောင့်ရှောက်ခဲ့တာ ကျွန်တော် မမေ့ပါဘူး။ အဲသည်တုန်းက ကျောင်းနေရတဲ့ဘဝဟာ အားငယ်စရာ၊ အားလျော့စရာတွေနဲ့ မကြာခဏ ကြုံရပေမယ့် ဒီကျေးဇူးတွေကို ထောက်ထားပြီး ကျွန်တော် ကြိုးစားခဲ့တယ်။ ၁၉၅၉ ခုနှစ်မှာ ကျွန်တော် ဆယ်တန်းအောင်တယ်၊ ကျွန်တော်တို့ ကျောင်းက ၃၆၀ ဖြေတာ ကျွန်တော် တစ်ယောက်တည်း အောင်တယ်။ မြန်မာစာနဲ့ သင်္ချာ ဂုဏ်ထူးပါတယ်။ အဲဒီနှစ်က မြန်မာစာ ဂုဏ်ထူးရတာ မြန်မာတစ်ပြည်လုံး ကျွန်တော်တစ်ယောက်ထဲပါ။ အဲဒီနှစ်က ဆရာ မင်းယုဝေချီးမြှင့်တဲ့ ငွေတာရီဆု ကျွန်တော်ရတယ်။ အဲဒီမှာ ကျွန်တော့် အစ်မတွေက တက္ကသိုလ်ဆက်ထားနိုင်တဲ့ အခြေအနေ မရှိဘူး။ ဒါကို ကျွန်တော် နဂိုကတည်းကသိလို့ ဆယ်တန်းအောင်ရင် ရုံးတစ်ရုံးမှာ ဝင် လုပ်မယ်လို့ စိတ်ကူးထားခဲ့တယ်။ စာမေးပွဲကျရင်လည်း အလုပ်ထွက် လုပ်မယ်လို့ ကျွန်တော် စိတ်ကူးထားခဲ့တယ်။ အဲဒီမှာ ကျွန်တော်တို့ တောင်ဥက္ကလာ ရောက်နေပြီ။ အဲဒီမှာ ဦးကြီးတစ်ယောက်က အလုပ်လုပ် ချင်ရင် ကောက်ပဲသီးနှံရုံးမှာ သွင်းပေးမယ်ဆိုလို့ အောက်တန်းစာရေး လျှောက်တယ်၊ အဲဒီအချိန်မှာ ဆရာဆရာမတွေက မင်း ဘာလုပ်မလဲ မေးတော့ ကျွန်တော် တက္ကသိုလ်မသွားနိုင်လို့ အလုပ်လုပ်မယ်ဖြေတယ်၊ ဟာ... နှမြောစရာကြီး၊ တက္ကသိုလ် ဆက်တက်ဖြစ်အောင်တက်ပါ၊ အိမ်က မတတ်နိုင်ရင်လည်း စတိုင်ပင် ရမှာသေချာတယ်လို့ ပြောတယ်။ ကျွန်တော် လည်း အိမ်နဲ့ တိုင်ပင်ပြီး ထိုးတန်းကောလိပ်မှာ စတက်တယ်။ ဒါ မျက်စိမှိတ်ပြီး ဆုံးဖြတ်လိုက်တာ ဖြစ်ပါတယ်။ ပညာသင်ဆုလည်း ရခဲ့ တယ်။ တစ်လ ၇၅ ကျပ်က တော်တော်လေး သုံးလောက်ပါတယ်။ ဒီ ပညာသင်ဆုနဲ့ပဲ တက္ကသိုလ်ကို ကျွန်တော် ဖြတ်သန်းခဲ့တယ်။ အခု ပြောခဲ့တာတွေကို ပြန်ပြီးသုံးသပ်ရင် ကိုယ့်ကြိုးစားမှုက ကိုယ့်ကို အထောက် အပံ့ဖြစ်စေတယ်။ ကြိုးစားမှုတွေဟာ အချည်းနှီးမဖြစ်ဘူးဆိုတာ သင်ခန်းစာ ယူစရာပါ။

ထိုးတန်းကောလိပ်ကို ၉ နာရီရောက်ဖို့ အိမ်က ၆ နာရီထွက်ရ တယ်။ တက္ကသိုလ်ဘဝတစ်လျှောက်လုံး ပင်ပင်ပန်းပန်း ဖြတ်သန်းခဲ့ရတယ်။


mgyoe.com

တောင်ဥက္ကလာလမ်းတွေက ဆိုးလို့ ကားမရှိတော့ ကံဘဲ့ဘူတာကို ၄၅ မိနစ် လမ်းလျှောက်ရတယ်။ တက္ကသိုလ်ကျောင်းသားပေမယ့် မုန့်ဖိုးက တစ်မတ် ငါးမူးရတယ်၊ ပြန်တော့လည်း မိုးတော်တော်ချုပ်မှ ရောက်တယ်။ အဲဒီတော့ လက်ဖက်ရည်ကျကျတစ်ခွက်သောက်ပြီး ပင်ပန်းတဲ့ကြားထဲက စာတအားကြိုးစားခဲ့ရတယ်။ တော်ရုံတန်ရုံ ဖွဲ၊ စိတ်ဓာတ်နဲ့ ဆိုရင် မဖြစ်ပါဘူး။ ကျွန်တော်ကတော့ ဒီလိုမှမလုပ်ရင် ငါ့ဘဝ အောင်မြင်ဇရာ မရှိဘူးဆိုပြီး ဖွဲမလျှော့ခဲ့ဘူး။ ဒုတိယနှစ်ကျတော့ အင်တာဘီ ခေါ်တယ်။ Main မှာ လာတက်ရတယ်။ တက္ကသိုလ်ရောက်တော့ ကျွန်တော့် ဘဝလမ်းကြောင်းမှာ ဝိဇ္ဇာယူမလား၊ သိပ္ပံယူမလားဆိုတာလည်း တော်တော် အရေးပါပါတယ်။ ကျွန်တော် ငယ်ငယ်ကတည်းက သိပ္ပံ ဝါသနာမပါဘူး။ ရန်ကင်းကောလိပ်ဆိုရင် ကျွန်တော်တို့နဲ့ နီးတယ်၊ သိပ္ပံကျောင်းသားတွေ တက်တယ်။ ကျွန်တော် သွားမတက်ခဲ့ဘူး။ ထီးတန်းကောလိပ်ရောက်တော့ စိတ်ကြိုက်မြန်မာစာရယ်၊ သမိုင်းရယ်၊ တက္ကဗေဒရယ် ယူလိုက်တယ်။ ထီးတန်းကောလိပ် တက်နေတုန်းမှာ ကျွန်တော့်ဘဝမှာ ထူးထူးခြားခြား ဖြစ်တာလေးက ကြေညာချက်တစ်ခု ထွက်တယ်။ အဲဒါက ဘာလဲဆိုတော့ ကျောက်မြောင်း မနော်ဟရီလမ်းမှာနေတဲ့ ဒေါ်စိတ်ကြည်ဆိုတဲ့ အမျိုးသမီးကြီး ဆုံးသွားတယ်။ သူ့ခင်ပွန်းက ဦးဟုတ်စွန်းလို့ ခေါ်တယ်။ သူက သူ့ဇနီး အထိမ်းအမှတ် ဒေါ်စိတ်ကြည် ထောက်ပံ့ကြေး ချီးမြှင့်မယ့် ပညာ တော်တဲ့ ကျောင်းသားများ လျှောက်ထားနိုင်တယ်လို့ ကျောင်းက ကြေညာတယ်။ ကျွန်တော် လျှောက်လိုက်တော့ ဒေါ်စိတ်ကြည်စတိုင်ပင်လည်း ရတယ်။ အဲဒီမှာ ကျွန်တော့်ကို ကျောင်းက ခေါ်ဆွေးနွေးတယ်၊ နှစ်ခု ယူလို့မရဘူး တစ်ခုယူလို့ပဲရတယ် ရွေးပါဆိုတော့ ဒေါ်စိတ်ကြည်က ဆုက လေးနှစ်ဆက်တိုက်ရမယ်ဆိုလို့ စကောလားရှစ် ပြန်အပ်ပါရစေ ဆိုပြီး အပ်ခဲ့တယ်။ ကနေ့အထိ ဒေါ်စိတ်ကြည်မိသားစုတွေကို ကျွန်တော် မမြင်ဖူးသေးဘူး။ ကျေးဇူးရှင်တွေပဲ ဆိုတာတော့ စိတ်ထဲမှာ အမြဲတမ်း ရှိပါတယ်။ ဒီလိုနဲ့ အင်တာအောင်ပြီးတော့ ဂုဏ်ထူးတန်း ဆက်တက်ခွင့် ရခဲ့တယ်။ ကျွန်တော့်စိတ်အသန်ဆုံးက မြန်မာစာဆိုတော့ မြန်မာစာ



mgyoe.com

mgyoe.com · SAMPLE BOOK

လျှောက်တယ်။ နောက်ဆုံးအချိန်အထိ အကြောင်းမကြားတော့ စိတ်ဓာတ်ကျခဲ့တယ်။ ဒါနဲ့ မြန်မာစာဌာန သွားမေးတော့ မြန်မာစာပါမောက္ခ ဆရာမင်းသုဝဏ်က ဂုဏ်ထူးတန်း တက်ခွင့်ပေးပါတယ်။ တက်ခွင့်ရတော့ ကျွန်တော် တော်တော်ဝမ်းသာသွားတယ်။ အဲဒီမှာ ကျွန်တော် ပြောချင်တာက တစ်လ ၇၅ ကျပ်ဆိုတဲ့ စတိုင်ပင်က စာအုပ်ဖိုးတော့ ရတာပေါ့လေ။ တခြားဗာဟီရသုံးဖို့ မလောက်ငှဘူး။ အိမ်ကလည်း မထောက်ပံ့နိုင်ဘူး။ သူတို့ကလည်း ကျွေးတာမွေးတာလောက်ပဲ လုပ်နိုင်တယ်။ အပိုသုံးဖို့ မပေးနိုင်တော့ တောင်းရမှာ အားနာတယ်။ အဲဒီမှာ ကျွန်တော့်ဆရာ ငယ်ဆရာ ဦးအောင်သန်းနဲ့တွေ့တယ်၊ သူက ကမာရွတ်သုခလမ်းထဲမှာ ဘဝတက္ကသိုလ်ဆိုတဲ့ ပရိုက်ဗိတ်ကျောင်းကလေး ဖွင့်ထားတယ်။ ဆရာကမင်း ငါ့ဆီမှာ စာလာသင်ပါလားဆိုလို့ ဂုဏ်ထူးတန်းတက်တဲ့ နှစ်နှစ်မှာ နေ့ခင်းပိုင်း စာသွားပြရတယ်။ တက္ကသိုလ်နဲ့ ပရိုက်ဗိတ် ပြေးကာလွှားကာ စာသင်ခဲ့ရတယ်။ ပရိုက်ဗိတ်ကျောင်းဆရာဘဝနဲ့ ဂုဏ်ထူးတန်းကျောင်းသားဘဝ တစ်နေ့တည်းမှာ နှစ်ဘဝ ဖြစ်နေရတယ်၊ တစ်လကို ၁၅၀ ကျပ်လောက်ရတော့ မဆိုးဘူးပေါ့။ လိုချင်တဲ့ စာအုပ်ကလေးတွေလည်း ဝယ်နိုင်ပြုနိုင်ပြီပေါ့။ ဒီလိုနဲ့ ဂုဏ်ထူးတန်းကို ပထမတန်းနဲ့ အောင်ခဲ့ပါတယ်။ ကျွန်တော်တို့ခေတ်က တက္ကသိုလ်မှာ အလုပ်လျှောက်ရင် ပါမောက္ခက ခန့်ခွင့်ရှိတယ်။ ဒါကြောင့် ဂုဏ်ထူးတန်းအောင်တဲ့ ကျွန်တော် သူငယ်ချင်းလေးယောက် အလုပ်လျှောက်ကြတယ်။ အဲဒီမှာ တက္ကသိုလ်မှာ နည်းပြဆရာဖြစ်ပြီး၊ တက္ကသိုလ်ကျောင်းဆရာဘဝ ရောက်ခဲ့ပါတယ်။ ပုသိမ်ကောလိပ်၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ် စတဲ့ တက္ကသိုလ်တွေမှာ လုပ်သက် (၃၀) ကျော် ရှိခဲ့ပါပြီ။ နည်းပြဆရာ (၁၄) နှစ်လုပ်ပြီးမှ လက်ထောက်ကထိက ဖြစ်တယ်။ လက်ထောက်ကထိကက (၉) နှစ် လုပ်တယ်။ ၈၆ နောက်ပိုင်းမှာ ကထိက ဖြစ်တယ်။ အခုတော့ တွဲဖက်ပါမောက္ခဖြစ်နေပါပြီ။ ပင်စင်ယူဖို့ ၆ နှစ် ၇ နှစ် ကျသေးတယ်။ ဒါတွေဟာ ကျွန်တော့်ဘဝရဲ့


mgyoe.com

mgyoe.com

ဖြတ်သန်းမှု အကြမ်းပဲ ဖြစ်ပါတယ်။ ကျွန်တော့်ဘဝရည်မှန်းချက် ပြည့်စုံသလား မေးရင် ပြည့်စုံတယ်လို့ ဖြေချင်တယ်။ အဲဒါက ကျောင်းဆရာလုပ်ချင်တာ၊ အဘိုးရဲ့သွေးက ကျွန်တော့်ကို ကူးပုံရပါတယ်။ ပညာတွေသာ မြင့်ခဲ့တယ်၊ ဆရာဖြစ်ချင်တဲ့ စိတ်က လျော့မသွားခဲ့ပါဘူး။ ဒါကြောင့် ကိုယ်ဖြစ်ချင်တဲ့ဘဝ ရခဲ့တဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါတယ်။

ကျွန်တော့်ဘဝနဲ့ တစ်ဆက်တည်းဖြစ်နေတဲ့ စာပေဘဝကိုလည်း ပြောချင်ပါတယ်။ ငယ်ငယ်ကတည်းက စာပေဖတ်တဲ့အခံရှိတယ်။ ရှုမဝ၊ မြဝတီ၊ သွေးသောက်မဂ္ဂဇင်းတွေကိုလည်း ဖတ်ခဲ့တယ်။ ဆရာသာနု၊ ဆရာအောင်လင်း၊ ဆရာကြီးဒဂုန်ရွှေမျှား၊ ဆရာကြီးရွှေဥဒေါင်းတို့ရဲ့ စာတွေကိုလည်း ငယ်ငယ်ကတည်းက ကြိုက်ခဲ့တယ်။ စာဖတ်ရင်းက ရေးချင်သားချင်တဲ့ စိတ်ပေါ်လာတာကိုး၊ အလယ်တန်းကျောင်းသားဘဝက ကဗျာဆရာမောင်နွယ်သွေးဆိုတာ ရှိတယ်။ သူက ကျွန်တော်နဲ့ခင်တယ်။ သူနဲ့ ပေါင်းပြီး လက်ရေးစာစောင်ကလေးတွေ ထုတ်ကြတယ်။ 'ရောင်နီကျောင်းသားစာပေစဉ်' ဆိုပြီး တစ်ယောက်တစ်လှည့် လှည့်ဖတ်ကြတယ်။ ၅ တန်းကျောင်းသားဘဝက လက်ရေးစာစောင်မှာ ဝတ္ထုလေးတစ်ပုဒ်စမ်းပြီး ပေးလိုက်တယ်။ ကျောင်းတော်သားတဲ့ လက်ရေးစာစောင်လေးမှာ ပါလာတော့ ကျွန်တော် သိပ်ဝမ်းသာသွားတယ်။ နောင် တတ်နိုင်လာတော့ ဂတ်စ်တနာ စာစောင်လေးတွေ ထုတ်ခဲ့တယ်။ ဖယောင်းစက္ကူနဲ့ လှည့်ပြီး ထုတ်တာပေါ့။ အဲလိုနဲ့ စာပေကို ပျိုးထောင်ခဲ့ကြတယ်။ ကာတွန်းဝင်းမောင်ဆိုရင် သူငယ်ချင်းအရင်းပဲ၊ သူလည်း ရေးတယ်။ ပန်းချီတင်ဦးလေးလည်း ပန်းချီဆွဲပေးတယ်။ နောင် တတ်နိုင်တော့ တက်နေဆိုပြီးတော့ ပုံနှိပ်စာစောင် ထုတ်ခဲ့တယ်။ ဆယ်ပြား၊ တစ်မတ်လောက်နဲ့ ရောင်းခဲ့ကြတယ်။ အဲဒီမှာ မောင်ခင်မင်နာမည်နဲ့ ရေးခဲ့ပါတယ်။ ၁၉၅၇ နှစ်မှာ ဗမာဒိုင်ဂျက် (BURMA DIGEST) ဆိုတဲ့ စာအုပ်ကလေးပေါ်ဖူးတယ်။ ဖတ်ချင်စဖွယ် စာမူလေးတွေပါတယ်။ ငါးမူးပဲ ပေးရတာပါ။ ဆောင်းပါးလေး တစ်ပုဒ်ပို့လိုက်တော့၊ စာတစ်စောင်ပြန်လာတယ်။ အယ်ဒီတာ ဦးမောင်ကလေးက ရွေးချယ်ထားကြောင်း ပြန်စာပါ။ မေ့တွက်


mgyoe.com

တာ စာစောင်မှာလည်း ထည့်ပေးတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်က ပုံနှိပ်စာလုံးနဲ့ ဖော်ပြခံရတဲ့ ဒီစာမူကလေးတွေ ကျွန်တော် သိမ်းထားတယ်။ ကဗျာစာညွန့်တွေလည်း ရေးခဲ့တယ်။ နောင်မှာ ကလောင်တူပေါ်လာလို့ မောင်ခင်မင်(ဓနုဖြူ) ဆိုတဲ့ ကလောင်နာမည် ယူခဲ့တယ်။ ဆရာဇန်းမော် တင်အောင်ထုတ်တဲ့ လင်းယုန်ဂျာနယ်မှာ သမိုင်းဆောင်းပါး တစ်ပုဒ်ရေးခဲ့တယ်။ အဲဒီက စလိုက်တာ ကနေ့အထိပါပဲ။ ငွေတာရီမဂ္ဂဇင်းမှာလည်း အက်ဆေးလေးတွေ ရေးခဲ့ဖူးတယ်။ ကျွန်တော်တို့ဌာနမှာ ဆရာဦးအောင်သင်းတို့၊ ဦးဇော်မြင့်တို့၊ ဦးထွန်းမြင့်တို့၊ ဦးဝင်းမွန်တို့က ကျွန်တော်တို့ထက် ကြီးတဲ့ အစ်ကိုကြီးတွေပါ။ သူတို့ကလည်း အားပေးတယ်။ ကျွန်တော့် ပထမဆုံးစာအုပ်ဖြစ်တဲ့ **'စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ'** ရေးဖြစ်တာကတော့ ကျွန်တော် ကျေးဇူးရှင်နှစ်ဦးကြောင့် ဖြစ်ပါတယ်။ ဆရာဦးမြင့်ကြည်နဲ့ ဆရာဦးသိန်းဟန် (ဇော်ဂျီ) တို့ပါပဲ။ အင်္ဂလိပ်စာအုပ်တွေ ဖတ်ခိုင်းရာက သဘောကျလို့ ပုံစံယူပြီး ရေးဖြစ်တာပါ။ ဆရာတွေက ဖတ်ရမယ့် စာအုပ်တွေ တော်တော်များများ ညွှန်ပေးတယ်။ ဒါ့ကြောင့် ဆရာတွေရဲ့ ဂုဏ်ကျေးဇူးကို မမေ့အပ်ဘူး။ မြန်မာစာဂုဏ်ဂျာနယ်မှာ 'အသုံးချ မြန်မာစကားပြေ' ဆိုပြီးတော့ ဆောင်းပါးတွေ စရေးတယ်။ တက္ကသိုလ်မှာ စကားပြေသင်ခိုင်းတော့ သင်ရတာ အားမရဘူး။ စကားပြေအရေးအသားနဲ့ ပတ်သက်လို့ စနစ်တကျ မပြောတတ်ဘူး။ အဲဒီမှာ စကားပြေစာအုပ်တွေ တွေ့သမျှ ငှားဖတ်ခဲ့တယ်၊ ပညာရေးတက္ကသိုလ်ရောက်တော့လည်း ဆရာဦးသန်းတင်တို့၊ ဆရာမကြီး ဒေါ်စီစီဝင်းတို့ကလည်း အားပေးတယ်။ ၁၉၇၇ မှာ ဒီစာအုပ်ကလေး ဖြစ်လာတယ်။ အဲဒီမှာ ဆရာမင်းကျော်တို့ ဆရာတင်မိုးတို့က သဘောကျပြီး ချင်းတွင်းဦးသိန်းလွင်မှာ စာအုပ်အပ်တယ်။ ဦးသိန်းလွင်က မထုတ်ဖြစ်တော့ ဆရာဦးမြင့်ကြည်ကိုပြတယ်။ ဆရာက ငွေရေးကြေးရေး သဘောမထားရင် အသင်းက ထုတ်ပေးမယ်လို့ပြောတော့ ကျွန်တော် သဘောတူလိုက်တယ်။ နောင်မှာ စာမူခလည်း ရပါတယ်။ ကျွန်တော်ပြောချင်တာက ဒီစာအုပ်ကလေး ရေးဖြစ်အောင် ဆရာ့တိုက်တွန်းမှုပါတယ်။ စာအုပ်


mgyoe.com

mgyoe.com SAMPLE BOOK

ကလေးလည်း ထုတ်ဝေ[illegible] ဆရာ့ကျေးဇူးလည်း ကြီးပါတယ်။ ၁၉၆၅ ခုကစပြီး သန္ဓေတည်ခဲ့ရတဲ့ စာအုပ်ဟာ ၁၉၇၉ မှ ထွက်တော့ (၁၄) နှစ်ကြာပါတယ်။ အခုအထိ (၃) ခါ ပုံနှိပ်ပြီးပါပြီ။ ဒီစာအုပ်ကြောင့် ကျွန်တော့်ကို လူသိလာတာ ဖြစ်ပါတယ်။ ဒီစာအုပ်နောက်ပိုင်းမှာ ဆောင်းပါးတွေ တော်တော်များများ ရေးဖြစ်တာပါ။ ဒါကြောင့် လူငယ်တွေကို ပြောချင်တာက စာရေးချင်တယ်ဆိုရင် စာများများ ဖတ်ခဲ့ရတယ်ဆိုတဲ့ အခြေခံကို ပြောချင်တာပါ။ တချို့စာရေးချင်ပေမယ့် စာမဖတ်ချင်ကြဘူး။ ကမ္ဘာပေါ်မှာ ကြီးကျယ်သူတိုင်းဟာ စာဖတ်ခဲ့တဲ့သူတွေချည်းပဲ။ နောက်တော့ ဝတ္ထုတွေ၊ ကျမ်းတွေ၊ ဆောင်းပါးတွေ ဖတ်ဖြစ်ခဲ့တယ်။ ဖတ်ပြီး သမ္မှု မှတ်တယ်။ တစ်ခါတစ်ခါ ကော်ဖီသောက်ပြီး ဖတ်လိုက်တာ မိုးချုပ်မှ ထဖြစ်တယ်။ စာအုပ်ပေါင်းများစွာကို နှစ်နှစ်ခြိုက်ခြိုက် မွေ့မွေ့လျော်လျော် အရသာခံပြီး ဖတ်ဖြစ်ခဲ့တာတွေက ကျွန်တော့် ဘဝကို ပြောင်းလဲစေခဲ့ပါတယ်။ ဖတ်ပြီးသမ္မှု ကတ်ပြားနဲ့ မှတ်တဲ့အကျင့် လုပ်ထားလို့ ကတ်ပြားတော်တော်များများ ရှိနေပါတယ်။ စာလေ့လာသူများဟာ စနစ်တကျ ကတ်တင်တဲ့အလေ့အကျင့် ရှိသင့်ပါတယ်။ အခု ဆက်ဖတ်နေ၊ ဆက်ဖတ်တုန်းပါပဲ။ ငါစာတွေ အများကြီးဖတ်ခဲ့လို့ ပြည့်စုံပြီလို့ ဘယ်ရှိပါ့မလဲ။

ကျွန်တော့်မှာ ရောင့်ရောင့်ရဲရဲနေတတ်တဲ့ ပင်ကိုစိတ် ရှိပါတယ်။ လောဘမကြီးပါဘူး။ ရည်မှန်းချက်မြင့်မြင့်ထားမှ၊ လူတကာထက် သာရမယ်ဆိုတဲ့စိတ် မရှိဘူး။ မဖြစ်ရကောင်းလားဆိုပြီး ပူပူလောင်လောင် ကြောင့်ကြစိတ်လည်း မရှိဘူး။ တရားစကားနဲ့ပြောရင် လောဘ၊ ဒေါသနည်းပါတယ်။ ကျွန်တော် ကြွယ်ဝချမ်းသာတာ မဟုတ်ပေမယ့် ငွေကြေး မမက်မောပါဘူး။ ပိုက်ဆံဆိုတာ အသုံးပြုရတဲ့ ပစ္စည်းပဲ၊ ရှိရင် သုံးမယ်၊ မရှိရင် မသုံးဘူးဆိုတဲ့စိတ်ပဲ ရှိတယ်။ ကံကောင်းတာကတော့ အိမ်ထောင်ဖက်ဇနီးလည်း ဒီစိတ်မျိုးပဲရှိတယ်။ ကိုယ်ကအေးချမ်းပေမယ့် ဇနီးက ပူလောင်နေရင်လည်း ဘဝမှာ စိတ်ချမ်းသာစရာ မရှိဘူး။ ဘဝမှာ တစ်ယောက်နဲ့တစ်ယောက် နားလည်ဖို့က လိုတာကိုး။ ဖတ်ရင် ဖတ်ပြန်ပြီ၊


mgyoe.com

mgyoe.com

ရေးရင် ရေးပြန်ပြီဆိုရင်လည်း စိတ်မချမ်းမသာ ဖြစ်ရမယ်။ ဖြစ်သင့်တာက ဝါသနာတူ၊ နားလည်မှုတူ၊ စိတ်သဘောချင်းတူရင် အကောင်းဆုံးပါပဲ။ ရေးသမျှစာတွေကိုလည်း သင့် မသင့် ဝေဖန်ဖတ်ရှုပေးတယ်ဆိုတော့ အထောက်အကူရတာပေါ့။ ကျွန်တော် အိမ်ထောင်သက် (၂၃) နှစ်မှာ နားလည်တတ်တဲ့ ဇနီးသည်ကြောင့် စိတ်ချမ်းသာခဲ့ရပါတယ်။

မိသားစုတန်ဖိုးအနေနဲ့ သိုက်သိုက်ဝန်းဝန်းကြီး မဟုတ်သော်ငြား လည်း အဓိပ္ပာယ်ရှိတဲ့ မိသားစုဘဝမျိုးဖြစ်အောင် တည်ဆောက်ခဲ့တယ်။ ကျွန်တော့်ဘဝမှာ တန်ဖိုးအထားဆုံး အရာနှစ်ခုရှိပါတယ်။ ပထမတစ်ခု ကတော့ ကျွန်တော့်စာအုပ်တွေပါပဲ။ နောက်တစ်ခုကတော့ ကျွန်တော့် မိသားစုပါပဲ။ ဇနီးနဲ့သမီးပါ။ ကျွန်တော့်အတွက် ကိုယ်ခွန်အား၊ စိတ်ခွန်အား ရရှိအောင် မိသားစုကပေးတယ်လို့ ကျွန်တော် ခံယူပါတယ်။ ကျွန်တော် ပညာရေးလောကထဲမှာနေရတော့ ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုရတာ မွန်မြတ်တယ်လို့ ခံယူထားပါတယ်။

လူငယ်တွေ အသိပညာ အတတ်ပညာဆည်းပူးရာမှာ တကယ် ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေ ဖြစ်ဖို့လိုပါတယ်။ ဒါဟာ ဘယ်လိုမှ မမှားနိုင်တဲ့အချက်ပဲလို့ ထင်တယ်။ ဒီကာလမှာ ပညာတန်ဖိုးကို တခြားတန်ဖိုးနဲ့ ယှဉ်တဲ့အခါမှာ ပညာတန်ဖိုးက ယုတ်လျော့နေသလို ဖြစ်နေတယ်။ ပညာရှင်တွေက ရှေ့တန်းတင် မခံရ ဘူး ဖြစ်နေတယ်။ ပညာတန်ဖိုးမထားဘူးဆိုတာမျိုးတွေ ကြားနေရတယ်။ ဒါဟာ အခိုက်အတန့်မျိုးဖြစ်ပါတယ်။ ဒါမျိုး ဖြစ်တတ်ပါတယ်။ ဘယ် ခေတ် ဘယ်ကာလမဆို လူငယ်တွေက ကိုယ်ဆည်းပူးတဲ့ ပညာကို ပေါက်ပေါက်မြောက်မြောက်ဖြစ်အောင် ကြိုးစားနိုင်ရင် နိုင်ငံနဲ့လူမျိုးအတွက် အကျိုးရှိတာပဲ။ အခိုက်အတန့်မှာတော့ ပညာရှိတဲ့လူက ပညာမရှိတဲ့သူ နောက် ထွန်းထွန်းကားကား မရှိသလို ဖြစ်နေတယ်။ ပညာမတတ်သူက ပညာတတ်သူထက် ပိုက်ဆံပိုရသလို ဖြစ်နေတယ်။ ပညာတတ်သူတွေရဲ့ တစ်လစာဟာ ပညာမတတ်သူရဲ့ တစ်နေ့စာတောင် မရှိဘူးလို့ ကြားနေ ရတယ်။ ဒါဟာ အသားမကျ၊ အနည်မထိုင်တဲ့ ကာလမှာ ခဏလေး


mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်တတ်တဲ့ သဘာဝလို့ ထင်ပါတယ်။ ဘယ်ခေတ်ဘယ်ကာလမဆို တိုးတက်တဲ့ နိုင်ငံတွေမှာပဲဖြစ်ဖြစ် ဖွံ့ဖြိုးဆဲ နိုင်ငံမှာပဲဖြစ်ဖြစ် ပညာတတ်တွေ အခန်းကဏ္ဍဟာ ရှေ့တန်းမှာပဲ ရှိတယ်ဆိုတာ လူငယ်တွေ သိဖို့လိုပါတယ်။ ပညာတတ်သူရဲ့ ကြံဆချက်တွေ၊ လုပ်ဆောင်ချက်တွေ၊ တွေးခေါ်ချက်တွေဟာ ကျန်တဲ့ လုပ်ငန်းအားလုံး တိုးတက်မှုအပေါ်မှာ အကျိုးပြုနေတာ ဖြစ်တဲ့အတွက်ကြောင့် ပညာတတ်ထားလို့ရှိရင် ကမ္ဘာလောကအတွက် အကျိုးမယုတ်ပါဘူး၊ ပညာရှာတယ်ဆိုတာ တခြားအကျိုးအမြတ်တစ်ခုခုရဖို့အတွက် အသုံးခံပစ္စည်းတစ်ခုသဖွယ် သဘောထားပြီးတော့ ဆည်းပူးတာဆိုရင်တော့ ဒါ ပညာရှာဖွေရာ မရောက်ဘူး။ ပညာရဲ့အနှစ်သာရကို တကယ်ထည်ထည်ဝင်ဝင်သိမှ ဖြစ်မယ်။ အပေါ်ယံအကာလောက်နဲ့ အများက အသိအမှတ်ပြု ခံရတာလောက်နဲ့ လုပ်နေရင်လည်း အလုပ်ဖြစ်နေတာပဲရှိမယ်။ လူဟာ ပညာတတ်ထားရင် ဘယ်ခေတ်ကာလတွေပဲပြောင်းပြောင်း ကိုယ့်အတွက်၊ နိုင်ငံအတွက်၊ လူမျိုးအတွက် အကျိုးရှိမယ့်ကိစ္စဆိုတာ ယုံမှားစရာ မရှိပါဘူး။ ပညာရှာတာကိုပဲ သံသယတွေနဲ့ ဖြစ်နေရင် ဒါ မဟုတ်ဘူး။ ပညာတန်ဖိုးကို သိပါ။ သေသေချာချာ ပေါက်ပေါက်မြောက်မြောက် ဆည်းပူးပါလို့ ပြောချင်ပါတယ်။ ခက်တာက လူငယ်တော်တော်များများဟာ ပညာကို အသုံးခံပစ္စည်းလို သဘောထားနေတာကို အရင်ဖျောက်ဖျက်ဖို့လိုတယ်။ ပညာဆိုတာ ကိစ္စတစ်ခုဖြစ်လာရင် ကျိုးကြောင်းဆင်ခြင်နိုင်ဖို့၊ သည်ဆင်ခြင်နိုင်မှုက လူ့ဘဝခရီးကို လျှောက်တဲ့နေရာမှာ ကိုယ့်အတွက် အများကြီးအထောက်အပံ့ဖြစ်တဲ့ လမ်းညွှန်မှုတွေဖြစ်ဖို့၊ အတတ်ပညာဆိုရင်လည်း အဲဒီအတတ်ပညာနဲ့ ကောင်းကောင်းမွန်မွန် ဖန်တီးနိုင်စွမ်းဖို့ လိုတယ်။ ပညာတတ်တာ၊ အတန်းပညာတတ်တာ၊ ဘွဲ့ရတာဟာ လူထဲဝင်ဆန့်တယ်။ ကိုယ့်အသိုင်းအဝိုင်းမှာ လူရာဝင်တယ်ဆိုတဲ့ အတွေးအခေါ်လောက်နဲ့ ပညာကို နားလည်ထားတာမျိုး မဖြစ်သင့်ဘူး။ ပညာကို နက်နက်နဲနဲ ထိုးထွင်းသိမြင်နိုင်တဲ့အထိ ကြိုးစားပါ။ အပေါ်ယံရှပ်ပြီး အလုပ်ဖြစ်ရုံမလုပ်ပါနဲ့လို့ လူငယ်တွေကို မှာချင်ပါတယ်။


mgyoe.com

mgyoe.com

SAMPLE BOOK


ကနေ့ခေတ်မှာ မျက်စိရှေ့ တွေ့ရတာ တချို့ကိစ္စတွေက သိပ်လေးနက်တာမျိုး မရှိဘူး။ ဆိုပါတော့ ပုဂံကို လေ့လာရေးသွားတဲ့အခါမှာ ဖြစ်သင့်တာက ပညာရှာဖို့ဖြစ်ရမယ်။ ဘာပညာရှာမလဲဆိုရင် ကိုယ့်အမျိုးသားယဉ်ကျေးမှုအစဉ်အလာကောင်းတွေ တစ်ချိန်တုန်းက ပေါ်ထွန်းခဲ့တယ်။ သည်အစဉ်အလာကောင်းတွေဟာ ဘယ်လောက်အရေးပါတယ်၊ အာနိသင်ရှိငယ်၊ စိတ်ကို ဘယ်လိုသတ္တိတွေ အင်အားတွေ ပေးစွမ်းနိုင်တယ်ဆိုတာမျိုးကို ရဖို့၊ အသိအမြင်တွေရှိလာဖို့ လေ့လာရေး သွားတာမျိုးဖြစ်ရမယ်။ သို့သော် အခုသွားနေကြတာက အနုပညာယဉ်ကျေးမှုကို နောက်ခံရှုခင်းကောင်းလောက်ပဲ သဘောထားနေကြတယ်။

အဲသလို ပညာရှာတဲ့အခါမှာလည်း အပြကောင်းရုံလုပ်လို့ မရဘူး၊ ပညာဟာ ပကာသနအတွက် အသုံးခံမဟုတ်ဘူး။ ကျွန်တော် တက္ကသိုလ်ဗဟိုစာကြည့်တိုက်ကိုသွားရင် ဓာတ်ပုံအရိုက်ခံနေတာတွေ့တော့ စိတ်ထဲတော်တော် ကသိကအောက်ဖြစ်ပါတယ်။ သည်လူတွေ ဘာလာလုပ်တာလဲ၊ စာကြည့်တိုက်ရဲ့ ခမ်းနားထည်ဝါမှုကိုပဲ အသုံးချနေတာ၊ အထဲက စာအုပ်တွေရဲ့ လေးနက်တဲ့ပညာရပ်တွေဆီကို မရောက်တော့ဘူး။ ဒါတွေပဲ တွေ့နေရတယ်။

ဖြစ်သင့်တာက စာအုပ်စာတမ်း၊ ပေ ပုရပိုက်တွေ မွှေနှောက်ပြီး ကြည့်ချင်တဲ့ စိတ်မျိုး ပေါ်ပေါက်ဖို့က အရေးကြီးတယ်။ အလှအပ၊ နောက်ခံ၊ ခမ်းနားထည်ဝါမှုကိုပဲ အသုံးချဖို့လောက် စိတ်ကူးနေရင် ဒါအပေါ်ယံကိစ္စသက်သက်ပဲ။ ဘယ်သူ့အတွက်မှ အကျိုးမရှိဘူး။ သို့သော်သည်စိတ်ဓာတ်တွေဟာ ရေရှည်သွားနေမှာတော့ မဟုတ်ဘူးလို့ ထင်တယ်။ နောင်မှာ ပညာခေတ်ကြီးနဲ့အတူ လူငယ်တွေရဲ့ စိတ်ဓာတ်တွေလည်း ပညာရဲ့ တကယ့်အနှစ်သာရဆီကို ရောက်သွားလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။

ပညာရှာဖို့က တံခါးကြီးနှစ်ပေါက်ရှိတယ်။ သည်နှစ်ပေါက်ကို မျှမျှတတ အသုံးချတတ်ဖို့ လိုပါတယ်။ ဒါက ဘာလဲဆိုရင် အသိပညာ


mgyoe.com

ရရာရကြောင်း သိစရာမှတ်စရာကို ဦးနှောက်တံခါးကတစ်ဆင့် အသိပညာ ရှာတာမျိုး ဖြစ်ပါတယ်။ တစ်ဖက်ကတော့ နှလုံးသားတံခါးကို ဖွင့်ပြီး ရင်ထဲနှလုံးထဲကို စိတ်ကောင်း စေတနာကောင်းတွေ ဝင်နိုင်အောင် ရှိပြီးသား ဆိုရင်လည်း နိုးကြားလာအောင် လုပ်ဖို့ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ကို မေတ္တာ၊ ကရုဏာထားဖို့ လိုပါတယ်။ အမှားအမှန်ကို ဆင်ခြင်တုံတရားနဲ့ ခွဲခြားတတ်ဖို့ လိုပါတယ်။ စိတ်ကောင်းနှလုံးကောင်းကို နိုးကြားဖို့က အနုပညာမြောက်တဲ့ ရသပါတဲ့ စာကောင်းပေကောင်းတွေ ဖတ်မှတ်ဖို့လည်း လိုပါတယ်။ ဒါ့ကြောင့် လူငယ်တွေဟာ သည်တံခါးနှစ်ပေါက်ကို ထာဝရ ဖွင့်ထားဖို့ လိုတယ်လို့ ထင်တယ်။ ကနေ့ ကွန်ပျူတာခေတ်မှာ တိုးတက်တဲ့ အသိအတတ်ပညာတွေလည်း သိထားတတ်ထားဖို့လည်း လိုပါသေးတယ်။ ဒါတွေကလည်း ဦးနှောက်လမ်းကြောင်းက ဝင်ခိုင်းဖို့ လိုသလို တစ်ဖက်က စိတ်ကောင်းစေတနာကောင်းတွေ နိုးကြားနေဖို့ လိုတယ်ဆိုတဲ့ သဘောပါ။

နှလုံးသားကို ရင့်ကျက်အောင် လုပ်ပေးဖို့ကလည်း အရေးကြီးပါတယ်။ သည်နှစ်ချက်ကို သုတနဲ့ ရသလို့ သုံးရင် ကနေ့လူငယ်တွေမှာ နှစ်ဖက်စလုံးကို သုတအတွေ့အကြုံ ရသအတွေ့အကြုံရှိဖို့ လိုတယ်ဟို့ သဘောရပါတယ်။

ကနေ့လူငယ်တချို့မှာ အတတ်ပညာမှာ အားကောင်းကြပြီး နှလုံးသားကိစ္စမှာ ရိုင်းပျနေသလားလို့ ကျွန်တော် ထင်ပါတယ်။ လူငယ်တချို့က ပတ်ဝန်းကျင်မှာ ကရုဏာသက်စရာတွေ့လို့မှ ကရုဏာသက်ရကောင်းမှန်း မသိဘူး၊ သနားစရာကောင်းလို့မှ သနားရကောင်းမှန်း မသိတာတွေ တွေ့ရတယ်။ ကရုဏာသက်စရာမှာ ရယ်မောဟားတိုက်နေတာတွေ တွေ့တယ်။ တရားခြင်းနဲ့ မတရားခြင်း၊ မှားခြင်း မှန်ခြင်းကိုမှ ခွဲခြမ်းစိတ်ဖြာမကြည့်နိုင်တာတွေ တွေ့တယ်။ တန်ဖိုးထားရမယ့် အရာကို တန်ဖိုးမထားမိရင် ဒါ အင်မတန် ဝမ်းနည်းစရာကောင်းတယ်။ ဒါဟာ နှလုံးသား မယဉ်ကျေးမှုပဲ ဖြစ်ပါတယ်။ ဒါဟာ ရသအထိအတွေ့ အားနည်းလို့


mgyoe.com

mgyoe.com SAMPLE BOOK


ဖြစ်ရတာပါ။ ကျွန်တော် သည်လိုသဘောရပါတယ်။ သူတို့ဆီမှာက စက်မှုတက္ကသိုလ်တွေ၊ ဆရာဝန်ဆေးကျောင်းတွေမှာ ကျောင်းသားတွေကို ပန်းချီတို့၊ ဂီတတို့ သင်ပေးတာတွေ ရှိပါတယ်။ ဒါဟာ ချိန်ညှိ (balance) လုပ်ပေးတာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် လူငယ်များဟာ စာကောင်းပေမွန်ဖတ်တဲ့ အလေ့အကျင့်တွေ မွေးမြူပါလို့ တိုက်တွန်းချင်ပါတယ်။ နေရာတကာမှာ သိပ္ပံအမြင်နဲ့ကြည့်ပြီး လက်တွေ့မှမဟုတ်ရင် မယုံကြည်ဘူးဆိုတဲ့ အစွဲအလမ်းထားတာမျိုးဟာ တစ်ဖက်စောင်းနင်းဖြစ်တတ်ပါတယ်။ သိမ်မွေ့နက်နဲတဲ့ သဘောတရားတွေကိုလည်း လျစ်လျူမရှုထားသင့်ဘူး။ ကောင်းနိုးရာရာ သီချင်းဂီတကို ခံစားတဲ့ အလေ့အထုံမျိုးကအစ ခံစားစေချင်တယ်။ ဒါ့ကြောင့် ချုပ်ပြီးပြောရရင် နှလုံးသားမရိုင်းပါစေနဲ့။ လူအလေးတွေလည်း မဖြစ်ပါစေနဲ့၊ နှလုံးသားရိုင်းပျတဲ့ လူရိုင်းလေးတွေလည်း မဖြစ်ပါစေနဲ့

ကနေ့လူငယ်ရဲ့ နောက်ပြဿနာတစ်ခုက What (ဘာလဲ) ဆိုတာလောက် သိတာနဲ့ ကျေနပ်သွားကြတယ်။ How ဘယ်လိုဖြစ်တာလဲကို ဆက်မလိုက်တော့ဘူး။ စိတ်မရှည်တတ်ကြဘူး။ ဆိုချင်တာက ကျွန်တော်တို့ငယ်ငယ်က ဦးသိန်းဖေမြင့်ရဲ့ အရှေ့ကနေဝင်းထွက်သည့်ပမာကို ဖတ်တယ်။ ဘာတွေ ရေးထားတာလဲကို ဖတ်ရင်သိတယ်။ သို့သော် ဘယ်လိုရေးထားတာလဲ ဆိုတာကို အာရုံပြုမိတာက ပိုအရသာရှိတယ်။ ဇာတ်ကောင်တွေရဲ့ စိတ်နေသဘောထားကို ဘယ်လိုဖော်ပြထားတာ၊ ကောင်းလိုက်တာလို့ ခံစားရတာက ပိုကောင်းနေတယ်။ ကိုယ်နှစ်သက်သဘောကျတဲ့ ရုပ်ရှင်ကားတစ်ကားကို ကြည့်ရင်လည်း အစအဆုံး ဇာတ်လမ်းကြည့်ရင် သိသွားတာပဲ။ သို့သော် ဘယ်လို ရိုက်ပြသလဲဆိုတာက ပိုအရသာရှိတယ်။ ဇာတ်ကောင်တွေရဲ့ သရုပ်ဆောင်တာ ဘယ်လိုကောင်းတယ်ဆိုတာ အရသာခံရတာက ပိုကောင်းတာမျိုးပေါ့။ ဝတ္ထုဖြစ်ဖြစ်၊ ရုပ်ရှင်ဖြစ်ဖြစ် နှစ်ခါသုံးခါ ကြည့်ဖြစ် ဖတ်ဖြစ်တယ်ဆိုရင် ဒါဟာ ဇာတ်လမ်းကို ကြည့်တာ ဖတ်တာ မဟုတ်တော့ဘူး၊ ဘယ်လိုဖော်ပြထားသလဲ ကြိုးပမ်းထားသလဲ


mgyoe.com

mgyoe.com SAMPLE BOOK

ဆိုတာ အရသာခံချင်လို့ ထပ်ပြီး ကြည့်တာ၊ ဖတ်တာ မဟုတ်လား။ အဲသည် ဘယ်လိုဆိုတဲ့အထိ ရောက်အောင်ကြိုးစားဖို့ ရောက်ဖို့ လိုပါတယ်။ ဒါကြောင့် လူငယ်တွေဟာ What မှာတင် ရပ်မနေဘဲနှင့် How ထိ ရောက်အောင် သွားရပါမယ်။ ဒါ့ကြောင့် ပညာဆိုတာ ဘယ်ခေတ် ဘယ်အခါမှာပဲဖြစ်ဖြစ် မတိမ်ကောပါဘူး။ ရေရှည်ကို ကြည့်ပါလို့ ပြောချင်ပါတယ်။ ပညာမှေးမှိန်နေရခြင်းအကြောင်းကို နှစ်ခုပဲ ရှိတယ်။ တစ်ခုက အခိုက်အတန့်ကာလမှာ အခြေအနေတစ်ခုကြောင့် ဖြစ်ရတယ်၊ ဒါမှမဟုတ် တကယ်ပညာတတ်တဲ့လူတွေ မဟုတ်လို့ ပညာကပါ မှေးမှိန်နေရတာပဲ ဖြစ်ချင်ဖြစ်မယ်။ သည်နှစ်ချက်ပဲ ရှိတယ်။

လူ့ဘဝဆိုတာ လူသားအချင်းချင်း ပေါင်းသင်းဆက်ဆံရေးဘဝ ဖြစ်တဲ့အတွက် ကောင်းသောအကျိုးဖက်ကို ရှေ့ရှုပြီး ကြိုးစားကြဖို့ လိုပါတယ်။ ဘဝကို ရင်ဆိုင်ဖို့ ကိုယ့်ဘက်က ကောင်းသောပညာနဲ့ ရင်ဆိုင်ဖို့ ပြင်ဆင်ထားဖို့ လိုပါတယ်။

နောက်လူငယ်တွေအတွက် အချိန်များ ပိုနေသလား ဆိုတာလည်း စဉ်းစားမိပါတယ်။ ကျွန်တော်တို့တော့ အရည်မရ အဖတ်မရ ထိုင်ပြီး ငေးမောနေရတာမျိုး မရှိသလောက်ပါပဲ။ တစ်ခုခု အသုံးချနေတာမျိုးပဲ ရှိပါတယ်။ ကျွန်တော်က ကျောင်းဆရာဆိုတော့ စာသင်ကြားတယ်၊ စာရေးတယ်၊ စာဖတ်တယ်၊ စာရေးတယ်ဆိုရင်လည်း တွေးကြည့်နေတာမျိုးပဲ ရှိတယ်။ အချည်းနှီးကုန်လွန်စေတဲ့ အကျိုးမဲ့ အားလပ်ချိန်မထားစေချင်ဘူး။ နောက် အားကျစိတ်လည်း ရှိရပါမယ်။ ကျွန်တော်ဆိုရင် ပညာရေးလောကက ဖြစ်လို့ လေးစားလောက်တဲ့ ဆရာကြီး၊ ဆရာမကြီးတွေကို လေးစားအားကျနေတာပါပဲ။ မေတ္တာအပြည့်အဝနဲ့ ဆရာကောင်း ဆရာမွန်တွေ ရှိတာပဲ၊ ဒါကို လေးစားအားကျရင်းက ကိုယ်က အဲသလို စံပြပုဂ္ဂိုလ် ဖြစ်အောင် ကြိုးစားဖို့ လိုပါတယ်။ ဆရာဦးမောင်မောင်ကြီး၊ ဆရာဦးလှရွှေ၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာမကြီးဒေါ်သန်းဆွေစတဲ့ ပုဂ္ဂိုလ်မျိုးတွေပေါ့လေ။ ဒါက အနီးဆုံး ဥပမာပြရတာပါ။ အများကြီး ရှိပါ


mgyoe.com

mgyoe.com

သေးတယ်။ ပြသ၊ ဆုံးမရုံမကဘူး၊ လမ်းညွှန်ပေးတဲ့ ပုဂ္ဂိုလ်တွေ အားလုံးက စံပြုထိုက်တဲ့ပုဂ္ဂိုလ်၊ လေးစားအားကျလောက်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ လူငယ်တွေဟာ ကိုယ့်ပတ်ဝန်းကျင်က လေးစားလောက်တဲ့ ပုဂ္ဂိုလ်တွေကို အားကျစေချင်ပါတယ်။ ပြီးတော့ အားကျရုံမကဘူး အတုယူသင့်တယ်လို့ သဘောရပါတယ်။

ဘဝခံယူချက်နဲ့ ပတ်သက်လို့ကတော့ ကျွန်တော် ပြောခဲ့သလိုပဲ၊ ရည်မှန်းချက် သိပ်ကြီးကြီး မထားပါဘူး။ လူ့ဘဝဆိုတာ တကယ့် သက်တမ်းတိုတိုလေးဖြစ်ပါတယ်။ ဘာမှ မကြာပါဘူး။ အဲသလို တိုတိုကလေးထဲမှာ ဘဝရဲ့အစမှ အဆုံးတိုင် ပညာနဲ့ အသက်မွေးရတဲ့ လူတစ်ယောက်အဖြစ်နဲ့ ရပ်တည်ခဲ့ရတာကိုပဲ ကျွန်တော် ကျေနပ်နေမိပါတယ်။ စီးပွားရေးအောင်မြင်မှုက ကျွန်တော်နဲ့ အလှမ်းဝေးပါတယ်။ ပညာနဲ့ကြီးပြင်းခဲ့ရတဲ့ လူတစ်ယောက်အဖြစ် ပတ်ဝန်းကျင်ကို လက်လှမ်းမီသလောက် ပညာနဲ့ အကျိုးပြုနိုင်တာကိုပဲ ဘဝရဲ့အရသာအဖြစ်နဲ့ ခံယူပါတယ်။ လူ့ဘဝမှာ လည်း ဖြစ်လာသခိုက် သက်တမ်းတိုတိုလေးအတွင်းမှာ အေးအေးဆေးဆေး နေနိုင်အောင် ပတ်ဝန်းကျင်ကိုလည်း တတ်စွမ်းသမျှ အကျိုးပြုနိုင်အောင် ကျွန်တော် ကြိုးစားပါတယ်။ ဒါမှ ဘဝမှာ နေရကျိုးနပ်တယ်လို့ ပြောချင်ပါတယ်။ ကိုယ်တတ်ထားသမျှ ဝေမျှပေးရတာဟာ ပတ်ဝန်းကျင်ကို အကျိုးရှိတန်သလောက် အကျိုးရှိစေနိုင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်တပည့်တွေကို ပြောလေ့ရှိတဲ့ စကားကိုပဲ ပြောပါရစေ၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် အပေးအယူမျှရင် ကောင်းတာပဲ။ ကိုယ်ကချည်း မယူနဲ့၊ ကိုယ်ကလည်း ပေးဝေရမယ်ဆိုတာပါ။ ပေးခြင်း ယူခြင်း မျှတရင် ဘဝမှာ နေပျော်ပါတယ်။ ကိုယ်က များများပေးနိုင်ရင်တော့ အကောင်းဆုံးပေါ့။ ပူလောင်မှုနည်းပြီး ငြိမ်းအေးမှုများတာပေါ့။

ဘဝမှာ တစ်ခါတစ်ခါ ဆုံးရှုံးမှုတွေလည်း တွေ့တတ်ပါတယ်၊ ကျွန်တော်ငယ်ငယ်က အဖေဆုံးတော့ သိပ်မသိတတ်သေးဘူး၊ အမေဆုံးတော့ သိတတ်ပြီ။ အားငယ်စိတ်တွေ ဝင်မိတယ်။ မိမိမှီခိုအားထားရာ


mgyoe.com

mgyoe.com

မိခင်နောက်က တတန်းတန်းလိုက်နေရတဲ့အချိန်မှာ အမေ ဆုံးခဲ့တာကိုး။ ဒါပေမဲ့ ဘဝကို အကောင်းဆုံးဖြစ်အောင် အရှုံးထဲက ထိုးထွက်ခဲ့တယ်။ လူငယ်တွေကိုလည်း ကျွန်တော့်ဘဝကို ထင်ဟပ်ပြီး ဆုံးရှုံးမှုရှိလာရင် အားမငယ်ဘဲ ဆထက်ထမ်းပိုး ကြိုးစားစေချင်တယ်။ ကံကြမ္မာဆိုတာ တစ်ယောက်နဲ့တစ်ယောက် မတူဘူးပေါ့လေ။ ဘာပဲဖြစ်ဖြစ် ကံကြမ္မာက ဖိနှိပ်ညှင်းဆဲတာ ရှိလာရင်တောင် ဆင်ခြင်နိုင်ဖို့၊ ခံယူတတ်ဖို့၊ တွေးခေါ်တတ်ဖို့ လိုပါတယ်။ ဆုံးရှုံးမှုကို အကောင်းဆုံး ကျော်ဖြတ်နိုင်ဖို့ လိုပါတယ်။

**အောင်မောင်း။ ၁၉၉၆။**
**လှသောဘဝကို ထုဆစ်သူများ။**
**Today စာအုပ်တိုက်။**

❐

mgyoe.com

mgyoe.com SAMPLE BOOK

## ဝန်ထမ်းစာရေးဆရာ
## မောင်ခင်မင် [ဓနုဖြူ] နှင့် တွေ့ဆုံခြင်း

ယခုအပတ် ချယ်ရီချစ်သူများနှင့် တွေ့ဆုံပေးမှာကတော့ ဒဂုံတက္ကသိုလ်မှာ တွဲဖက်ပါမောက္ခတာဝန်ဖြင့် ထမ်းဆောင်နေသူ စာရေးဆရာ မောင်ခင်မင် (ဓနုဖြူ) ဖြစ်ပါတယ်။

စာပေနယ်မှာ နှစ်ပေါင်း ၄၀ ကျော် ဖြတ်သန်းလာခဲ့ရသလို တက္ကသိုလ်နယ်မြေတွင်လည်း ကျောင်းသားဘဝ၊ ဆရာဘဝ၊ စာရေးဆရာဘဝများဖြင့် ကျင်လည်ခဲ့သူဖြစ်ပါတယ်။ ဆရာရဲ့ ဘဝအတွေ့အကြုံ၊ စာပေအတွေ့အကြုံများ၊ မြန်မာစာပေနှင့် ပတ်သက်၍လည်းကောင်း၊ ဘာသာဗေဒနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာစာချစ်သူများအတွက် သိသင့်သိထိုက်စရာ ဗဟုသုတပညာ တိုးပွားစေရန်အတွက် ဆရာအား တကူးတက တောင်းပန်ပြီး မေးမြန်းတွေ့ဆုံခွင့် တောင်းခဲ့ရပါတယ်။

တွဲဖက်ပါမောက္ခတာဝန်ဖြင့် အလုပ်များနေတဲ့ကြားမှ ချယ်ရီစာချစ်သူများအပေါ် စေတနာထား ပြောဆိုပေးတဲ့ ဆရာရဲ့ ကျေးဇူးကို အလေးထား ဂုဏ်ပြုအပ်ပါကြောင်း ရှေးဦးစွာ မိတ်ဆက်ပြောလိုပါတယ်။ ဆရာရဲ့ စာဖတ်ပရိသတ်အပေါ် ထားရှိတဲ့ စေတနာ၊ မေတ္တာများကို တွေ့ဆုံခွင့်ရတဲ့အခါ ...

ဖူးပွင့်ဝေဝေ စာအုပ်တိုက်

mgyoe.com

၀ ဆရာစာပေလောကထဲ ဝင်ရောက်လာပုံက, စပြီး သိပါရစေ။

စာပေလောကထဲ ဝင်ရောက်လာပုံကို ပြောရရင်တော့ ကျွန်တော်တို့ မိသားစု ရန်ကုန်ရောက်လာတာက စရမယ် ထင်ပါတယ်။ ကျွန်တော်က ဓနုဖြူမြို့နယ်က ကျုံတနီးဆိုတဲ့ ရွာကလေးမှာ မွေးတာပါ။ ကျွန်တော် လူမမယ်အရွယ် ၁၉၄၉ ခုနှစ်မှာ ပြည်တွင်းဆူပူမှုဖြစ်ပြီး ရွာလည်းမီးလောင်၊ အဖေလည်း လူဆိုးတွေ အသတ်ခံရ၊ ပစ္စည်းတွေလည်း ဆုံးရှုံးပြီး အမေ မုဆိုးမနဲ့ ကျွန်တော်တို့ညီအစ်ကို ရန်ကုန်ရောက်လာကြတယ်။ ဗဟန်းကြားတောရလမ်းမှာ ဆွေမျိုးတွေနဲ့ အတူတူနေပြီး ရောင်းဝယ်လုပ်ကိုင်စားသောက်ရတာပေါ့။ ကံကောင်းတာက ကျွန်တော်တို့ အိမ်ရှေ့တည့်တည့်မှာ 'ဗမာနိုင်ငံလူငယ်များ အစည်းအရုံးခွဲ၊ ဗဟန်းတိုက်နယ်' ဆိုတဲ့ ဆိုင်းဘုတ်နဲ့ အဆောက်အအုံကလေးတစ်ခုရှိတယ်။ ကျွန်တော်တို့ ငှားနေတဲ့ အိမ်ရှင် ဦးမောင်ကလေးက အဲဒီအစည်းအရုံးခွဲရဲ့ ဥက္ကဋ္ဌပေါ့။ အဲဒီမှာ သတင်းစာမျိုးစုံ ထားပေးတယ်။ 'လူငယ်များ စာကြည့်တိုက်' လည်း ရှိတယ်။ ကျွန်တော်က ငယ်ငယ်ကတည်းက စာဖတ်ဝါသနာပါတယ်။ အဲဒီ ဝါသနာကတော့ အမေ့ရဲ့ အဖေ၊ အဘိုးဆီက အမွေခံခဲ့တယ် ဆိုရမှာပေါ့။ အဘိုးက ကျောင်းဆရာပါ။ စာဖတ်လည်း ဝါသနာပါတာမို့ အဘိုးဖတ်တဲ့ ဒီးဒုတ်ဂျာနယ်တို့၊ သူရိယမဂ္ဂဇင်းတို့ကို ကျွန်တော် စာစဖတ်ကတည်းက ရင်းနှီးနေပြီ။ တစ်ခါ ရွာပျက်ပြီး ပြေးရင်း၊ လွှားရင်း ဓနုဖြူမှာ ခဏနေတုန်း 'ရှုမဝမဂ္ဂဇင်း' ကို စတွေ့ဖူးတယ်။ 'ကုသ' ရဲ့ 'မုန့်လုံး' ဆိုတဲ့ ဟာသပြဇာတ်ကလေးဖတ်မိရာက စွဲသွားတယ်။ ရန်ကုန်မရောက်ခင် ဆွေမျိုးတွေရှိတဲ့ ကျောက်ပန်းတောင်းမြို့နယ်က အင်းကန်ဆိုတဲ့ ရွာမှာ အမေ့ ညီမဝမ်းကွဲရှိလို့ သွားနေကြရင်း အဲဒီ ဒေါ်လေးအိမ်မှာ ဒဂုန်မဂ္ဂဇင်းတွေ ဖတ်ရပြန်ရော။ ရွှေဒုံးဘီအောင်ရဲ့ ပဒမဏောင်တို့ ဘာတို့ အဲဒီဝတ္ထုတွေလည်း သဘောကျတယ်။

ပြောရဦးမယ်။ ရွာပျက်ပြီး ဓနုဖြူမှာ ခဏနေရင်း တည်းတဲ့အိမ်က စာအုပ်အထုပ်ကြီးတွေ့လို့ ယူကြည့်တော့ 'ဝိဇယကာရီနန်းတွင်း ဇာတ်တော်ကြီး' တဲ့။ နည်းနည်းဖတ်ကြည့်တော့ ကဗျာဆန်ဆန် အရေးအသားတွေ


mgyoe.com

mgyoe.com

ပရတ်တာလည်း သဘောကျပြန်ရော။ စာအုပ်ပိုင်ရှင်က သူ့စာအုပ်စုတ်မှာ ပြဲမှာစိုးလို့ မကိုင်စေချင်ဘူး။ ကျွန်တော်ကလည်း ချာတိတ်ကိုး။ ဒီတော့ သူ့အလစ်မှာ ခိုးခိုးဖတ်ရင်း တချို့အပိုဒ်တွေ အလွတ်ရသွားတယ်။ 'နတ်စစ်ဣန္ဒ၊ အပ်နှင်းသည့်၊ ပုပ္ပရောင်လျှံ ရထားပျံကို' ဘာညာ စသဖြင့်ပေါ့ဗျာ။ ခုထိ မှတ်မိနေတယ်။ အဲဒီလို စာဖတ်တဲ့ အတွေ့အကြုံရှိလာတဲ့ ကျွန်တော်ဟာ ရန်ကုန်ရောက်တော့။ ခုန စကားပြန်ဆက်ရရင် အိမ်ရှေ့က လူငယ်များအစည်းအရုံးခွဲမှာ နေ့တိုင်း သတင်းစာ သွား သွားဖတ်တယ်။ တိုးတက်ရေးတို့၊ စီးပွားရေးတို့ သတင်းစာ သွား သွားဖတ်တယ်။ တိုးတက်ရေးတို့၊ စီးပွားရေးတို့ သတင်းစာတွေထဲမှာ နေ့တိုင်း အခန်းဆက် ဝတ္ထုတွေပါလို့ စောင့်ဖတ်ရတယ်။ 'နောက်နေ့ ဆက်ဖတ်ပါ' ဆိုတာ စောင့်ရင်း သိပ်စွဲပါတယ်။ ရန်အောင်တို့၊ ဂျာနယ်ကျော်တင့်ဆွေတို့၊ သခ်ါတို့၊ မျိုးမြင့်အောင်တို့ရဲ့ ဝတ္ထုတွေပါ။ တစ်ခါ ဗဟန်းဈေးရှေ့ ဓမ္မာရုံနားမှာ ဦးသိန်းမြင့်ရဲ့ သတင်းစာဆိုင်ရှိလို့ အဲဒီမှာလည်း သတင်းစာများသွားဖတ်ရင်း လူကြီးတွေကြားထဲ တိုးဝှေ့ပြီး သတင်းစာဖတ်တဲ့ ကျွန်တော့်ကို ဦးသိန်းမြင့်က သဘောကျသွားပြီး သတင်းစာကို အိမ်ယူဖတ်ခွင့်ပြုတယ်။ လူငယ်များအစည်းအရုံးခွဲက အစ်ကိုအရွယ် အမှုဆောင်လူငယ်တွေနဲ့ ရင်နှီးသွားတော့ စာကြည့်တိုက်က စာအုပ်တွေ ထုတ်ငှားတယ်။ ဟန်ကျသွားတာပေါ့။ ရှုမဝတို့၊ သွေးသောက်တို့၊ တိုင်းရင်းမေတို့အပြင် ဆရာကြီးရွှေဥဒေါင်းတို့၊ ဒဂုန်ရွှေမျှားတို့ရဲ့ ဝတ္ထုတွေ အများကြီး ဖတ်ရပါတယ်။

အဲဒီလို စာအဖတ်တဲ့ အတွေ့အကြုံကလေးတွေ ရလာတော့ စာရေးဆရာတွေကို အားကျပြီး စာရေးချင်စိတ် ပေါ်လာတယ်။ ဒီတော့ မတောက်တခေါက် ကဗျာကလေးတွေ၊ ဝတ္ထုကလေးတွေ စမ်းရေးကြည့်တယ်။ ကိုယ့်ဘာသာကိုယ်ရေး သဘောကျနေတယ်။ ဒီလိုနဲ့ ပညာတစ်ပိုင်းတစ်စနဲ့ ရန်ကုန်ရောက်လာတဲ့ ကျွန်တော်ဟာ ကျောင်းဆက်နေရတော့ ၁၉၅၄ – ၅၅ ခုနှစ်မှာ ဗဟန်းအစိုးရအလယ်တန်းကျောင်းမှာ ပဋ္ဌမတန်းကျောင်းသား ဖြစ်လာတယ်။ တစ်နေ့မှာ 'ကျောင်းတော်သား' ဆိုတဲ့ လက်ရေးစာစောင်ထုတ်မယ်လို့ ကြေညာတော့ ကျွန်တော်လည်း ရေးချင်စိတ်ပေါက်


mgyoe.com

mgyoe.com

လာတာနဲ့ ‘ကျောင်းဘေးသံသား’ ဆိုတဲ့ ဝတ္ထုတိုကလေးတစ်ပုဒ် ရေးပို့လိုက်တယ်။ ရိုးသားကြိုးစားတဲ့ ကျောင်းသားတစ်ယောက် အကြောင်းပေါ့။ အဲဒီ ဝတ္ထုကလေး အရွေးခံရပြီး လက်ရေးစာစောင်ထဲမှာ ပန်းချီသရုပ်ဖော်ပုံတွေ ဘာတွေနဲ့ ဖော်ပြပေးတာတွေ့ရတော့ ဝမ်းသာလိုက်တာ။ လက်ရေးစာစောင်ဆိုတော့ နယ်တော့ မကျယ်ဘူးပေါ့။ စာစောင်က လက်ရေးနဲ့ရေးထားတာမို့ တစ်အုပ်တည်းပဲရှိတယ်။ လက်ရေးလှလှနဲ့ စာမူတွေ ကူးရေးပြီး ပန်းချီသရုပ်ဖော်ပုံတွေ ဘာတွေဆွဲထားတဲ့ စာစောင်ပါ။ ပြီးတော့ အလှည့်ကျဖတ်ရတာပေါ့။ ဒါပေမယ့် ကျွန်တော်နဲ့ ပထမဆုံး ဝတ္ထုစာမူ ဖော်ပြခံရတဲ့အတွက် ကလေးမို့ ကျွန်တော်အတွက်တော့ အမှတ်တရ ဖြစ်နေပါတယ်။ အဲဒီက စတွက်ရင်တော့ ကျွန်တော် စာပေလောကထဲ ရောက်လာတာဟာ ၁၉၅၅ ခုနှစ်ကပါလို့ ဆိုရမှာပါပဲ။

အဲဒီစာမူကလေး အရွေးခံရတော့ စိတ်ဓာတ်တက်ကြွလာပြီး စာဆက်ရေးချင်လာတာပေါ့။ ကျွန်တော့်ကို တွန်းအားပေးတဲ့ ဖြစ်ရပ်ကလေးပါပဲ။ တစ်ခါ ထပ်ဆင့်ပြီး တွန်းအားပေးတာကတော့ ကျောင်းက စာကြည့်တိုက်မှာ စာကြည့်တိုက်မှူး တာဝန်ယူရတဲ့ ကိုမြင့်သိန်းနဲ့ ခင်မင်သွားရတာပါပဲ။ စာအုပ်တွေ အမြဲငှားဖတ်တဲ့ ကျွန်တော့်ကို ကိုမြင့်သိန်းက သဘောကျသွားပြီး သိပ်ခင်သွားတယ်။ ကိုမြင့်သိန်းဆိုတာက ကဗျာဆရာ မောင်နွယ်သွေးပါ။ အရင်က ကဗျာတွေ အများကြီးရေးခဲ့တဲ့သူပါ။ ကျွန်တော့်ထက် အတန်းကြီးပြီး စာပေအတွေ့အကြုံ ပိုရှိတာမို့ သူနဲ့ ခင်မင်ရတာ ကျွန်တော့်အတွက် အများကြီး အကျိုးရှိပါတယ်။ ကိုမြင့်သိန်းက ဦးဆောင်ပြီး ‘ရောင်နီကျောင်းသားစာပေစဉ်’ ဆိုတဲ့ လက်ရေးစာစောင်ကလေး ထုတ်တယ်။ သူက တာဝန်ခံစာတည်း၊ ကျွန်တော်က တွဲဖက်စာတည်း၊ သူ့အစ်ကို ကိုမြသွင် (ကွယ်လွန်သူ ကဗျာဆရာမင်းသွင်) က ကဗျာစာတည်းအဖြစ် တာဝန်ယူကြတယ်။ ကွယ်လွန်သွားပြီဖြစ်တဲ့ ကာတွန်းဝင်းမောင်ကလည်း ကျွန်တော်တို့ သူငယ်ချင်းပဲ။ အဲဒီကတည်းကပဲ။ သူက ကာတွန်းတွေ ဆွဲပေးတယ်။ နောက်ပိုင်းမှာ ပန်းချီ ကိုတင်ဦးလေးတို့ ပါလာတယ်။ ပိုပြီး မြိုင်ဆိုင်လာတယ်။ ကိုမြင့်သိန်းကိုယ်တိုင်


mgyoe.com

ကလည်း ပန်းချီဆွဲတတ်တယ်။ လက်ရေးစာစောင်ကလေးကို တစ်လ တစ်ကြိမ်၊ နှစ်လတစ်ကြိမ်လောက် လှလှပပ ထုတ်ကြတယ်။ စာမူတွေကို ဝါသနာတူ သူငယ်ချင်းတွေဆီက တောင်းကြ၊ ရွေးကြ၊ သရုပ်ဖော်ပုံတွေ ဆွဲကြ၊ လက်ရေးလှလှနဲ့ ရေးကြ၊ တက်ညီလက်ညီလုပ်ကြရင်း အကောင် အထည်ဖော်လာတဲ့ စာစောင်ကလေးကို မြင်ရတော့ ပီတိဖြစ်လိုက်ရတာ။ ပြီးတော့ အလှည့်ကျ လှည့်ဖတ်ရင်း နောက်တစ်စောင်ထုတ်ဖို့ တာစူကြပြန် ရောလေ။ နောက်ပိုင်းမှာ စာစောင်နာမည်ကို 'တက်နေ' ဆိုပြီး ပြောင်း လိုက်တယ်။ 'ရောင်နီစာပေဝါသနာရှင် ကျောင်းသူ ကျောင်းသားများအဖွဲ့' ဆိုပြီး ဖြစ်လာတယ်။ ဗဟန်းကြားတောရလမ်းက ဦးအရိယကျောင်းတိုက် ဝင်းထဲမှာရှိတဲ့ ကိုမြင့်သိန်းတို့ အိမ်ကို အသင်းတည်ရာအဖြစ် ထားတယ်။ အဲဒီမှာ စုပြီး စာစောင်ထုတ်ကြ၊ ကျဘမ်းစကားပြောပွဲတို့ စကားပြေလုပ္ပွဲ တို့ လုပ်ကြနဲ့ တော်တော်အကျိုးရှိပါတယ်။ ပျော်စရာလည်း ကောင်းပါ တယ်။ ကျွန်တော်တို့အဖွဲ့က စာပေသန့်သန့်ပါ။ နိုင်ငံရေးမပါဘူး။ အဲဒီ အဖွဲ့ကို မြန်မာအသံ ဦးကျော်မင်း (စာရေးဆရာဝင်းနိုင်) တို့၊ ကဗျာဆရာ မောင်တင်မျိုးကျင်တို့ကလည်း လာပြီး ကူညီဟောပြောပေးကြတယ်။ ကာတွန်းဝင်းမောင်လည်း အဲဒီမှာ လက်စွမ်းပြရင်း 'မိမော်မေမ' တို့ စပြီး သန္ဓေတည်တာပါ။ ပန်းချီတင်ဦးလေးလည်း ပန်းချီဆွဲဖြစ်တယ်။

ပြောရဦးမယ်။ အဲဒီတုန်းက 'တက်နေ' ဦးဆောင်သူတွေထဲက စာပေအနုပညာလောကမှာ အောင်မြင်လာတဲ့သူတွေလည်း ထွက်ပါတယ်။ ကိုလှရီဆိုတဲ့ သူငယ်ချင်းက ကဗျာတွေရေးရင်း ဂီတစာဆို 'မောင်လွမ်း ပြေ' ဖြစ်လာပြီး သန်းဖေလေးတို့၊ ကိုသန်းလှိုင်တို့ ညွှန့်ညွှန့်စိန်တို့ရဲ့ တစ်ချိန်က လူကြိုက်များတဲ့ သီချင်းတွေ ရေးဖြစ်သွားတယ်။ ခုတော့ ရေးတာ မတွေ့တော့ဘူး။ နောက်တစ်ယောက်က ကိုခင်မောင်သွယ်ဆိုတဲ့ ဂီတစာဆို 'မောင်ကြေးမုံ' ပါ။ သူလည်း ကျွန်တော်တို့ ဝိုင်းတော်သားပါပဲ၊ တစ်ချိန်က ကဗျာတွေရေးကြတဲ့ မောင်လေးအောင် (ကွန်လွန်)၊ မောင်နန်းလု (ကွယ်လွန်)၊ မောင်သရစ်၊ မောင်လရောင် (ဗဟိုတင်ရွှေ၊ ကွယ်လွန်) တို့ဟာလည်း ကျွန်တော်တို့ ဝိုင်းတော်သားတွေပါပဲ။


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်လည်း 'တက်နေ' မှာ ဝတ္ထုကလေး၊ ဆောင်းပါးကလေး ရေးရင်း ကလောင်နာမည်တွေ ယူခဲ့ပါတယ်။ ပထမတော့ မတည်ငြိမ်သေးဘူးပေါ့။ 'ရန်အောင်' ဆိုတဲ့ နာမည်ယူပြီးမှ နာမည်တူရှိနေလို့ ဆက်မယူတော့ဘူး။ ကဗျာဆရာ 'နောင်' လို နာမည်တစ်လုံးတည်းကို သဘောကျလို့ 'စေ' ဆိုပြီး ယူသေးတယ်။ 'စေတလုံးပိုင်ရှင်' ပေါ့။ တစ်နေ့မှာ ကိုမင်းသွင်က 'မင်းနာမည်လည်းပါအောင်' 'မောင်ခင်မင်' လို့ ယူပါလားလို့ အကြံပေးတာ သဘောကျသွားပြီး မောင်ခင်မင်ဖြစ်လာတာပဲ။ ကွယ်လွန်သွားတဲ့ ကဗျာ ဆရာမင်းသွင်ပေးထားတဲ့ နာမည်ပါ။ အဲဒီလိုနေတုန်း ၁၉၅၇ ခုနှစ်မှာ 'ဗမာဒိုင်ဂျက်' ဆိုတဲ့ စာစောင်ကလေး ပေါ်လာတယ်။ တာဝန်ခံအယ်ဒီတာက ဦးမောင်ကလေးပါ။ အဲဒီထဲမှာ စာနယ်ဇင်းတွေထဲက ကောင်းနိုးရာရာ စာမူတွေကို ရွေးထည့်သလို စာမူအသစ်တွေလည်း ထည့်တယ်။ တန်ဖိုးကလည်း တစ်အုပ်မှာ ပြား ၅၀ ပါ။ အဲဒီစာစောင်ကလေးဝယ်ဖတ်ရင်း ဆောင်းပါးကလေးတစ်ပုဒ် ရေးပို့လိုက်တယ်။ ဆောင်းပါးနာမည်က 'တီထွင်မှုများ' တဲ့။ ကျွန်တော် ဖတ်ထားတဲ့ စာပေဗိမာန်မဂ္ဂဇင်းတို့ကို စာစောင်တွေထဲက မှတ်သားစရာတွေ ဗလာစာအုပ်တစ်အုပ်နဲ့ မှတ်စုထုတ်ထားတဲ့ အလေ့ရှိတာမို့ အဲဒီလို စုဆောင်းထားတဲ့ မှတ်စုထဲက တီထွင်မှုတွေကို စုစည်းတင်ပြတဲ့ ဆောင်းပါးကလေးပါ။ ပုံနှိပ်လုပ်ငန်းတို့၊ တယောတို့၊ ဖောင်တိန်တို့၊ လက်နှိပ်စက်တို့ စသည်ဖြင့်ပေါ့။ အဲဒါတွေကို ဘယ်သူက ဘယ်တုန်းက တီထွင်တယ်ဆိုတာတွေကို စုဆောင်းတင်ပြတာပါ။ ဆောင်းပါးအဆုံးမှာ 'စုဆောင်းတင်ပြသူ မောင်ခင်မင်' လို့ ရေးလိုက်ပါတယ်။ အဲဒီဆောင်းပါးကလေး ဗမာဒိုင်ဂျက်မှာ ပါလာတာတွေ့ရတော့ ကိုယ့်လက်ရာကို ပုံနှိပ်စာလုံးနဲ့ မြင်ရတဲ့အခါ ဖြစ်ပေါ်လာတဲ့ ပီတိကို ပထမဆုံး ခံစားရတာပါပဲ။ အဲဒါဟာ ကျွန်တော်ရဲ့ ပထမဆုံး ပုံနှိပ်စာမူပါပဲ။ အဲဒီကစတွက်ရင်တော့ ၁၉၅၇ ခုနှစ်က စာပေလောကထဲ စဝင်တယ်လို့ ဆိုရမှာပေါ့။

နောက်တစ်ခါ ကိုယ်တွေ့ စာကျက်နည်းကို 'ကျောင်းဖွင့် လက်ဆောင်' ဆိုတဲ့ ခေါင်းစည်းနဲ့ ဆောင်းပါးရေးပြီး ပို့လိုက်ပြန်ရော။ အဲဒီ


mgyoe.com

mgyoe.com


အခါမှာ အယ်ဒီတာ ဦးမောင်ကလေးက ကျွန်တော်ဆီ စာပြန်ရေးပါတယ်။ 'ဦးခင်မင်' လို့ လေးလေးစားစား နာမည်တပ်ပြီး အဲဒီစာမူကို ရွေးချယ်လိုက်ကြောင်း၊ သူအယ်ဒီတာလုပ်နေတဲ့ 'ဗမာဒိုင်ဂျက်' မှာရော၊ 'မေ့တွက်တာ' စာစောင်မှာ ရေးဖော်ပြပေးမယ့်အကြောင်း ရေးလိုက်တာပါ။ ကျွန်တော် ပထမဆုံးရဖူးတဲ့ အယ်ဒီတာဆီက ပြန်စာပါ။ အဲဒီ စာကလေးကို ခုအထိ သိမ်းထားပါတယ်။ အားတွေလည်း တက်လာပါတယ်။

အဲဒီလိုနဲ့ စာရေးတဲ့အရှိန်ကလေး ရလာပါတယ်။ တက်နေကိုလည်း ၁၀ ပြားတန်ပုံနှိပ်စာစောင်ကလေးအဖြစ် ထုတ်ကြတယ်။ သွေးသောက်မဂ္ဂဇင်းမှာလည်း စာညွန့်ကလေးတွေ ရေးဖြစ်တယ်။ အများဆုံးရေးဖြစ်တာကတော့ ဆောင်းပါးပါပဲ။ အဲဒီလို ရေးနေရေး မောင်ခင်မင်ဆိုတဲ့ ကလောင်နာမည်တူ ပေါ်လာတာမို့ ကွဲပြားအောင်ဆိုပြီး ကျွန်တော့် ဇာတိမြို့ဖြစ်တဲ့' 'ဓနုဖြူ' တပ်ပြီး ရေးဖြစ်သွားတာပါ။ ဆရာဗန်းမော်တင်အောင်ထုတ်တဲ့ လင်းယုန်ဂျာနယ်ကို သမိုင်းဆောင်းပါးတစ်ပုဒ်ပို့တော့ 'မောင်ခင်မင် (ဓနုဖြူ) နာမည်နဲ့ စပြီးပို့တာ အရွေးခံရပါတယ်။ အဲဒီကစပြီး ဒီကလောင်နာမည် စွဲမြဲသွားတာပါပဲ။'

စောစောပိုင်းကတော့ ကဗျာကလေးဘာလေး ရေးဖြစ်ပါသေးတယ်။ ရန်ကုန်တက္ကသိုလ်ကလောင်အသင်းက ထုတ်တဲ့ 'မြကျွန်းသာ' စာစောင်မှာ ကျွန်တော့် ကဗျာကလေးတစ်ပုဒ်ပါလို့ သိမ်းထားတာ ရှိပါသေးတယ်။ နောက်ပိုင်းမှာတော့ တက္ကသိုလ်ရောက်ပြီး မြန်မာစာဂုဏ်ထူးတန်းတက် တက္ကသိုလ်မှာ မြန်မာစာဆရာအဖြစ် မဟာဝိဇ္ဇာတက်၊ ကျမ်းပြု၊ သုတေသန စာတမ်းတွေဖတ်ဆိုတဲ့ ဘဝပေးအခြေအနေကို အကြောင်းပြုပြီး ရသစာပေဘက် သိပ်မလိုက်ဖြစ်ဘဲ ဘာသာစာပေဆိုင်ရာ ဆောင်းပါးတွေ၊ စာတမ်းတွေ၊ စာအုပ်တွေပဲ အရေးများခဲ့ပါတယ်။ ၁၉၆၅ ခု တစ်ဝိုက်က ငွေတာရီမှာ ရေးဖြစ်တဲ့ စာတမ်း (အက်ဆေး) တွေကတော့ ရသစာပေလို့ ဆိုနိုင်ပါလိမ့်မယ်။ နောက်ပိုင်းလည်း အက်ဆေးလိုဟာတွေ၊ အတွေ့အကြုံမှတ်တမ်းလို ရသပါတဲ့စာမျိုး အတန်အသင့် ရေးဖြစ်ပါတယ်။ အရေးများတာကတော့ သုတဆောင်းပါးတွေပါပဲ။ မြန်မာစာသုတေသနစာတမ်းတွေ၊


mgyoe.com

mgyoe.com

စာအုပ်တွေလည်း ရေးဖြစ်ပါတယ်။ ကဲ... အဲဒါကတော့ ကျွန်တော်စာပေနယ်ထဲ ရောက်လာရပုံပါ။ အခုဆိုရင် အနှစ် ၄၀ ကျော်ပါပြီ။

○ ဆရာက စာမျိုးစုံရေးတော့ အရေးသန်တဲ့ စာပေအမျိုးအစားကို သိချင်ပါတယ်။ ဘာကြောင့် ဒီစာပေအမျိုးအစားကို အရေးသန်ရပါသလဲ။

စာမျိုးစုံရေးတယ်ဆိုတာက ဆောင်းပါးတွေကို အကြောင်းအရာအမျိုးမျိုး ခွဲရေးတာကို ဆိုလိုတာ ထင်ပါရဲ့။ ရှေ့မှာပြောခဲ့တဲ့အတိုင်း အရင်တုန်းကတော့ ကဗျာတို့၊ ဝတ္ထုတို့၊ စာညွှန့်တို့ နည်းနည်းပါးပါး ရေးပေမယ့် အရေးများတာကတော့ ဆောင်းပါးပါ။ အရေးသန်တဲ့ စာပေအမျိုးအစားကို ပြောရရင်တော့ ဘာသာစကားရဲ့ သွင်ပြင်လက္ခဏာတွေကို စူးစမ်းဖော်ထုတ်ပြီး အများစိတ်ဝင်စားစရာဖြစ်အောင် ပေါ့ပေါ့ပါးပါး ရေးသားတင်ပြရတဲ့ စာမျိုးကို အရေးသန်တယ်လို့ ပြောရပါလိမ့်။ ကျွန်တော် တက္ကသိုလ်မှာ မြန်မာစာဆရာဖြစ်နေတော့ ကျွန်တော့် ဘာသာရပ်ရဲ့ သဘောသဘာဝအရ မြန်မာဘာသာစကားရယ်၊ မြန်မာစာပေရယ်၊ အဲဒီ ကဏ္ဍနှစ်ရပ်ကို အားပြုလေ့လာရပါတယ်။ ကျောင်းသားတွေကိုလည်း သင်ကြားပို့ချရပါတယ်။ အဲဒီ ကဏ္ဍ ၂ ရပ်မှာ ကျွန်တော့် စိတ်သဘောအရ ဘာသာစကားဘက်ကို ပိုပြီး အာရုံညွှတ်ပါတယ်။ ဘာသာစကားကို လေ့လာဖို့ ပိုပြီး စိတ်သန်တယ်။ ဒါကြောင့် မဟာဝိဇ္ဇာဘွဲ့အတွက် ကျမ်းပြုတဲ့အခါမှာ မြန်မာဘာသာစကားမှာရှိတဲ့ ဓလေ့သုံးစကားတွေ (အင်္ဂလိပ်ဘာသာမှာရှိတဲ့ အီဒီယမ်လို စကားမျိုးပါ) ကို လေ့လာပြီး ကျမ်းပြုခဲ့ပါတယ်။ စကားလုံးရဲ့ ရိုးရင်းအဓိပ္ပာယ်ထက်ပိုလွန်ပြီး နောက်ကွယ်မှာ ထူးခြားတဲ့ အဓိပ္ပာယ်ရှိနေတဲ့ စကားမျိုးတွေပေါ့။ မဟာဝိဇ္ဇာတန်းမှာ ဘာသာဗေဒ (Limguistics) ကို စပြီး သင်ရတာမို့ အဲဒီ ဘာသာဗေဒနည်းတွေလည်း တတ်စွမ်းသမျှ အသုံးပြုပါတယ်။ အဲဒီနောက်ပိုင်းမှာ ဘာသာဗေဒကျမ်းတွေ ဆက်ဖတ်ရင်း ဘာသာစကားဆိုင်ရာ သဘောတရားတွေ၊ နည်းနာတွေကို ပိုပိုပြီး စိတ်ဝင်စားလာတယ်။ ကျွန်တော်တို့တက္ကသိုလ်မှာ


mgyoe.com

m g y  SAMPLE BOOK 

ဆရာဖြစ်စက ပထမနှစ် သင်တန်းတွေမှာ စကားပြေကို အားပြုပြီး သင်ကြားပေးဖို့ အစီအစဉ်ရှိနေတာမို့ ဘာသာစကား လေ့လာမှုနဲ့ ဆက်နွယ်ပြီး စကားပြေဆိုင်ရာ လေ့လာမှုတွေ အဆိုအမိန့်တွေ နည်းနာတွေကို အာရုံစိုက်လေ့လာတာ ဖြစ်ခဲ့ပါတယ်။ 'စကားပြေ' ဆိုတာလည်း ဖွဲ့ထုံးစည်းကမ်းနဲ့အညီ ပြေပြေပြစ်ပြစ် ရေးသားထားတဲ့ 'ဘာသာစကား' ပါပဲ။ ဒါကြောင့် စကားပြေထဲက ဘာသာစကားဆိုင်ရာ သွင်ပြင်လက္ခဏာတွေကို စူးစမ်းရင်း စကားပြေသဘောတရားတွေ လေ့လာဖြစ်သွားပါတယ်၊ အဲဒီနောက် ကိုယ်နားလည်သလို ဆောင်းပါးတွေရေးရင်နဲ့ ကျွန်တော်တို့ မြန်မာစာပေမှာ စကားပြေသဘောတရား နည်းနာတွေကို တစ်စောင်တစ်ဖွဲ့ ရေးထားတဲ့ စာအုပ်စာတမ်းမျိုး မရှိသေးတာကို သတိပြုမိပါတယ်။ ကိုယ်တတ်စွမ်းသမျှ လုပ်ကြည့်မယ်လို့ ဆုံးဖြတ်ပြီး 'စကားပြေ သဘောတရား စကားပြေအတတ်ပညာ' ဆိုတဲ့ စာအုပ်ကို ရေးဖြစ်တာပါ။ ရေးပြီးတော့ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှူးအဖြစ် ဆောင်ရွက်နေတဲ့ ဆရာဦးမြင့်ကြည်ကို မဝံ့မရဲသွားပြပါတယ်။ ဆရာက ဖတ်ကြည့်ပြီး မြန်မာစာအသင်းက စာအုပ်ထုတ်ပေးမယ်လို့ ဝမ်းသာအားရပြောတယ်။ စာအုပ်လည်း ထုတ်ပေးပါတယ်။

ဒီစာအုပ်ရေးဖြစ်အောင် ကျွန်တော့်ကို မျက်စိဖွင့်ပေးခဲ့တဲ့ ကျေးဇူးရှင်တွေကို ဒီနေရာမှာ ဖော်ပြချင်ပါတယ်။ ကျွန်တော့်ကို ဘာသာစကား စိတ်ဝင်စားလာအောင် ပထမဆုံး လမ်းပြပေးသူကတော့ ကျွန်တော် ဂုဏ်ထူးတန်း စတက်စဉ်က မြန်မာစာပါမောက္ခအဖြစ် ဆောင်ရွက်နေတဲ့ ဆရာကြီးဦးဝန် (မင်းသုဝဏ်) ပါ။ ဆရာက ကျွန်တော့်ကို ဂုဏ်ထူးတန်းမှာ ဆရာကြီးဦးဖေမောင်တင်ရဲ့ ဘာသာလောကကျမ်းကို ပို့ချထားရင်း ဘာသာဗေဒအခြေခံတွေကိုပါ သင်ပေးပါတယ်။ အဲဒီမှာတင် ဘာသာစကားကို စပြီး စိတ်ဝင်စားတာပါ။ အဲဒီနောက် မဟာဝိဇ္ဇာတန်းရောက်တော့ အဲဒီအချိန်မှာ လန်ဒန်တက္ကသိုလ်က ဘာသာဗေဒ မဟာဝိဇ္ဇာဘွဲ့ယူပြီး ပြန်ရောက်လာတဲ့ ဆရာဦးရွှေသွင်နဲ့ ဆရာမ ဒေါ်ခင်ခင်အေးတို့က ကျွန်တော်တို့ကို ဘာသာဗေဒ၊ သဒ္ဒါဗေဒ ပို့ချပေးပါတယ်။ ဆရာနဲ့



mgyoe.com

ဆရာမရဲ့ ပို့ချမှုကို ခံယူရင်း ဘာသာစကားကို ပိုပြီး စိတ်ဝင်စားလာရပါတယ်။ အဲဒီ စိတ်ဝင်စားမှုအရ မဟာဝိဇ္ဇာတွဲ့အတွက် ကျမ်းပြုတော့ ဘာသာစကားဆိုင်ရာ ခေါင်းစဉ်ကိုပဲ ရွေးပြီး ကျမ်းပြုတာပါပဲ။ မြန်မာ ဓလေ့သုံးစကားတွေကို လေ့လာတဲ့ကျမ်းပါ။ အဲဒီကျမ်းကို ဆရာမ ဒေါ်အေးအေးက ကြီးကြပ်ပေးပါတယ်။ ဆရာမက ကျမ်းကို ကြီးကြပ်ရင်း ဖတ်သင့်ဖတ်ထိုက်တဲ့ ဘာသာဗေဒကျမ်းတွေကို ညွှန်ပြတဲ့အတွက် ကျွန်တော် ကြိုးစားပြီး ဖတ်ဖြစ်ခဲ့ပါတယ်။ ဒီနေရာမှာ ဂုဏ်ယူပြီး ပြောချင်တာ တစ်ခုရှိပါတယ်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ ဘာသာဗေဒကို အခြေခံပြီး ပြုစုတဲ့ မဟာဝိဇ္ဇာကျမ်းတွေထဲမှာ ကျွန်တော့် ကျမ်းဟာ ပထမဆုံးကျမ်းပါပဲ။ ၁၉၆၉ ခုနှစ်က တင်သွင်းပြီး၊ ဒီကျမ်းကြောင့်ပဲ ကျွန်တော် မဟာဝိဇ္ဇာတန်းကို ဂုဏ်ထူးနဲ့ အောင်ခဲ့ပါတယ်။ အဲဒီနောက်မှာ ဘာသာဗေဒ စာအုပ်တွေကို ဆက်ဖတ်ဖြစ်တယ်။ ကျောင်းသားတွေကိုလည်း နှစ်စဉ်နှစ်တိုင်း ပို့ချရတယ်။ အဲဒီလိုနဲ့ ဘာသာစကားကို စိတ်ဝင်စားမှု ပိုပြီး ထက်သန်လာပါတယ်။

ဘာသာစကားနဲ့ နှီးနွယ်ပြီး စကားပြေဘက် အာရုံရောက်သွားတဲ့ အခါမှာ ဆရာဇော်ဂျီက ကျွန်တော်တို့ကို စကားပြေသဘောတရားနည်းနာနဲ့ ပတ်သက်တဲ့ ကျမ်းတွေကို ဖတ်ဖို့ လမ်းညွှန်ပါတယ်။ အထူးသဖြင့် C.Brooks နဲ့ R.P Warren တို့ရဲ့ 'Fundamentals of Good Writing' ဆိုတဲ့ ကျမ်းကို ဖတ်ဖို့ လမ်းညွှန်တဲ့အတွက် အဲဒီကျမ်းကို ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှာရှာပြီး မပြီးမချင်း ငှားဖတ်ခဲ့ပါတယ်။ ဖတ်ပြီးတော့ စကားပြေနဲ့ ပတ်သက်ပြီး တော်တော်မျက်စိပွင့်လာပါတယ်။ နောက်တစ်ခါ ခုနပြောခဲ့တဲ့ ဆရာဦးမြင့်ကြည်ကလည်း အဲဒီကျမ်းကို ဖတ်ဖို့ ဆက်ပြီး လမ်းညွှန်ပါတယ်။ "မြန်မာစာ ကျူတာတစ်ယောက်ဟာ အဲဒီကျမ်းကို မဖတ်ဘူးဘဲ ကျူတိုရီယယ်ကိုင်ရင် အရည်အချင်းမပြည့်စုံဘူးလို့ ဆရာကတော့ ပြောချင်တယ်" လို့တောင် ဆရာက ဆိုဖူးပါတယ်။ ဆရာဟာ အဲဒီစကားပြေ သဘောတရားကို အခြေခံပြီး ပါမောက္ခ ဦးမောင်မောင်ကြီး (တက္ကသိုလ် မောင်မောင်ကြီး)ရဲ့ 'နိုင်ငံတော်မျက်နှာ' ဆောင်းပါး


mgyoe.com

mgyoe.com

ကို စနစ်တကျ လေ့လာပြဖူးပါတယ်။ ကျွန်တော်တို့ နည်းယူစရာတွေ အများကြီးရပါတယ်။ ဆရာဦးမြင့်ကြည် လမ်းညွှန်လို့ Rudolf Flesch ရဲ့ The Art of Plain Talk, The Art of Readable Writing စတဲ့ စာအုပ်တွေကို ဆူးလေဘုရားလမ်း အင်းဝတိုက်မှာ အပြေးအလွှား သွားဝယ်ပြီး ကျွန်တော် လေ့လာဖြစ်ခဲ့ပါတယ်။ စကားပြေနဲ့ ပတ်သက်ပြီးတော့ ပိုပြီး မျက်စိပွင့်လာပါတယ်။ နောက်တစ်ခါ James Kreuzer နဲ့ Lee Cogan တို့ရဲ့ Studies is Prose Writing ဆိုတဲ့ စာအုပ်ကို လေ့လာဖြစ်တော့ စကားပြေလေ့လာပုံ အခင်းအကျင်းတွေကို သိပ်သဘောကျသွားပါတယ်။ အဲဒီစေ့ဆော်မှုတွေကြောင့် စကားပြေသဘောတရား စကားပြေအတတ်ပညာစာအုပ်ကို ပြုစုဖြစ်တာပါ။ ဒီစာအုပ်ဖြစ်ပေါ်လာဖို့ ဘာသာစကားဆိုင်ရာ သဘောတရားနည်းနာတွေ ပို့ချပေးခဲ့တဲ့ ဆရာမင်းသုဝဏ်၊ ဆရာဦးရွှေသွင်၊ ဆရာမဒေါ်ခင်ခင်အေး စကားပြေသဘောတရားတွေ လမ်းညွှန်ပေးခဲ့တဲ့ ဆရာဇော်ဂျီနဲ့ ဆရာဦးမြင့်ကြည်ဆိုတဲ့ ဆရာကြီး ဆရာမကြီးတွေရဲ့ ကျေးဇူးဟာ အင်မတန်ကြီးပါတယ် ဆိုတာကို အလေးအနက်ပြောပါရစေ။

ဒီနေရာမှာ ချယ်ရီမဂ္ဂဇင်းအကြောင်းလည်း ပြောဖို့ လိုပါလိမ့်မယ်။ ၁၉၈၄ ခုနှစ်၊ ဩဂုတ်လမှာ ချယ်ရီမဂ္ဂဇင်း စထုတ်မယ်ဆိုတော့ ကိုအောင်ပြည့်က စာမူလာတောင်းရင်း လစဉ်ရေးပေးဖို့ ပြောပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ကလည်း ဘာသာစကားအကြောင်းကို ပေါ့ပေါ့ပါးပါး ရေးကြည့်ချင်တဲ့ စိတ်က ထက်သန်နေတာမို့ အခန့်သင့်သွားပြီး ချယ်ရီမှာ ဘာသာစကားအကြောင်း ဆောင်းပါးတွေ လစဉ်ရေးဖြစ်ခဲ့ပါတယ်။ မြန်မာဘာသာစကားရဲ့ စိတ်ဝင်စားစရာအကွက်ကလေးတွေကို ရှုစမ်းဖော်ထုတ်ပြီး ပရိသတ် စိတ်ဝင်စားအောင် ပေါ့ပေါ့ပါးပါး ရေးကြည့်တဲ့ ဆောင်းပါးတွေပါ။ ချယ်ရီမှာ ဘာသာစကားဆောင်းပါး အပုဒ် (၉၀) ကျော် ဆက်တိုက်ရေးဖြစ်သွားပါတယ်။ ဒီနောက်ပိုင်းမှာလည်း ၁၉၈၇ ခုနှစ်က စာပေဗိမာန် စာမူဆုရတဲ့ 'မြန်မာစကား မြန်မာစာရုပ်ပုံလွှာ' တို့၊ အတွေးအမြင်ထဲက ဆောင်းပါးတွေကို ဆုစာပေက စုစည်းထုတ်ခဲ့


mgyoe.com

mgyoe.com

တဲ့ 'မြန်မာဘာသာစကား ပညာရှင်များနှင့် ဘာသာစကားအမြင်' တို့၊ နောက် မဂ္ဂဇင်းတွေထဲမှာ ခုထိရေးနေတဲ့ ဆောင်းပါးတွေတို့မှာလည်း ဘာသာစကားဘက်ကို အားပြုနေပါတယ်။ ကဲ... ဒီလောက်ဆိုရင်လည်း အဲဒီစာမျိုးကို ဘာကြောင့် အရေးသန်ရတယ်ဆိုတာ ထင်ရှားလောက်ပါပြီ။

○ ဆရာက တက္ကသိုလ်ကျောင်းဆရာဘဝနဲ့ ကျင်လည်လာခဲ့ရတော့ တက္ကသိုလ်က မွေးထုတ်လိုက်တဲ့ ကဗျာဆရာ၊ စာရေးဆရာတွေနဲ့ နီးနွယ်ဖြတ်သန်းလာခဲ့ရတဲ့ တက္ကသိုလ်ဝန်းကျင် စာပေလောက အကြောင်း အဖြစ်အပျက်ကလေးတွေပေါ့ ဆရာရယ်။ ဆရာ သိသလောက် ပြောပြပါလား။

ကျွန်တော်က ၁၉၅၉ ခုနှစ်မှာ တက္ကသိုလ်စရောက်ပါတယ်။ ၁၉၆၃ ခုနှစ်မှာ ဘွဲ့ရပြီး ဆရာဆက်လုပ်ရင်း တက္ကသိုလ်ကောလိပ်တွေမှာ လှည့်လည် အမှုထမ်းခဲ့ရပါတယ်။ ခုထိလည်း အဲဒီလောကမှာ ကျင်လည်နေတုန်းပါပဲ။ ဒီတော့ ကျွန်တော် ကြုံတွေ့ရတဲ့ တက္ကသိုလ်ဝန်းကျင် စာပေလောက အကြောင်းကို မှတ်မိသမျှ ပြောပြပါမယ်။

တကယ်တော့ ကျွန်တော်တို့ စာရေးသူအများစုဟာ တက္ကသိုလ်ရောက်မှ စာစရေးတာမဟုတ်ဘဲ တက္ကသိုလ်မရောက်ခင်ကတည်းက ဝါသနာအလျောက် သန်ရာသန်ရာ ရေးကြ၊ သားကြရင်း အဲဒီလို စာရေးတဲ့ လက်စလက်နရှိတဲ့သူတွေ တက္ကသိုလ်မှာ လာဆုံကြတာပါ။ အဲဒီလို ဆုံမိတော့လည်း အင်အားကောင်းလာပြီး စာပေဆိုင်ရာ လှုပ်ရှားမှုတွေမှာ ပါဝင်ဆောင်ရွက်ကြရင်း စာရေးတဲ့အရှိန် ပိုရလာတာပေါ့။ ကျွန်တော်တို့ တက္ကသိုလ်ရောက်ပြီးတဲ့နောက် ပတ်ဝန်းကျင်ကို လေ့လာကြည့်လိုက်တော့ 'တက္ကသိုလ်ကလောင်အသင်းကို အကြောင်းပြုပြီး စာရေးဝါသနာပါသူတွေ စုစည်းမိကြတာပေါ့။ ပြီးတော့ တစ်ခါ ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းကိုလည်း နှစ်စဉ်ထုတ်နေတာမို့ အဲဒီမဂ္ဂဇင်းမှာ ပါဝင်ရေးသားကြရာက စုစည်းမိတာမျိုးလည်း ရှိပါတယ်။ တစ်ဦးချင်း တစ်ယောက်ချင်းက စာအုပ်


mgyoe.com

mgyoe.com


ကလေးတွေ ထုတ်တာမျိုးက ရှိတော့ရှိတယ်။ ကျွန်တော်တို့ ရောက်စတုန်းကတော့ သိပ်အားမကောင်းလှသေးဘူး။ နောက်ပိုင်းမှ တဖြည်းဖြည်းအားကောင်းလာတာပါ။ ကလောင်အသင်းတို့ အဆောင်တွေရဲ့ သဟာယနဲ့ စာဖတ်အသင်းတို့က စာပေဟောပြောပွဲတွေ၊ ဥာဏ်ကြီးရှင် ဖြေဆိုပွဲတွေ၊ စကားရည်လုပွဲတွေ လုပ်တတ်တာမို့ အဲဒီပွဲတွေဟာလည်း စာပေသမားတွေ စုစည်းမိတဲ့နေရာတွေပါပဲ။

ကျွန်တော် တက္ကသိုလ်ရောက်တော့ ပထမနှစ်မှာ ထီးတန်းကောလိပ်မှာ တက်ရတယ်။ အဲဒီမှာ စာရေးတဲ့ လက်စရှိတဲ့သူတွေ မျက်မှန်းတမ်းမိကြပါတယ်။ ထီလာစိုးမြင့်ထယ်တို့၊ တက္ကသိုလ်ကြိုင်သင်းတို့၊ မောင်ယဉ်ကြူတို့ကို အဲဒီမှာစပြီး ဆုံရတယ်။ သူတို့က ကဗျာတွေ တော်တော်ရေးနေကြပါပြီ။ အဲဒီတုန်းက ဆရာသော်တာဆွေရဲ့ အပဟိစာစောင်မှာ စာတွေတော်တော်ရေးနေတဲ့ ရွှေကူမေနှင်းတို့၊ ကျောင်းသားပွဲတော် ပြဇာတ်တွေမှာ ပါဝင်သရုပ်ဆောင်တဲ့ အုတ်ဖိုမလွမ်းမူတို့ဟာလည်း တော်တော် ထင်ရှားနေကြပါပြီ။ နောက်နှစ်မှာ ပင်မတက္ကသိုလ်ကျောင်းတက်ရတော့ တက္ကသိုလ်စာပေလောကနဲ့ ပိုပြီး လျှင်လျှင်မြန်မြန် ထိတွေ့ရပါတယ်။ နောက်ပိုင်းမှာ 'မြန်မာ့အသံကျော်ဦး' ဖြစ်လာမယ့် ဦးကျော်ဦးတို့က ကျောင်းသားကြီးတွေပါ။ ဦးကျော်ဦးက ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းကို ဦးစီးထုတ်ဝေတာမို့ စာမူပေးရင်း မဂ္ဂဇင်းယူရင်း စာရေးသူတွေ ထိတွေ့ရပါတယ်။ ထင်ရှားတဲ့ မြန်မာစာပေပညာရှင်ကြီးတွေ၊ စာရေးဆရာကြီးတွေကိုလည်း တက္ကသိုလ် ပရိဝုဏ်မှာ မားမားမတ်မတ် မြင်တွေ့နေရတာမို့ ကျွန်တော်တို့လို ကလောင်ရှင်ပေါက်စတွေအဖို့ အားကျစရာ ဂုဏ်ယူစရာဖြစ်ရပါတယ်။ ဆရာကြီးဦးဖေမောင်တင်ဆိုရင် ဘောင်းဘီတိုနဲ့ တုတ်ကောက်နဲ့ မနက်စောစောပုဂံလမ်းမှာ လမ်းလျှောက်နေတာ ကျွန်တော်တို့ မကြာမကြာတွေ့ပါတယ်။ အားလည်းကျမိပါတယ်။ ခေါင်းကို လက်နဲ့သပ်ပြီး အေးအေးကလေး စကားပြောတတ်တဲ့ ဆရာဇော်ဂျီကိုလည်း တက္ကသိုလ်စာကြည့်တိုက်မှာ မြင်ရတွေ့ရပါတယ်။ ပုဂံလမ်းထဲက 'သပြေညို' လို့ စာတန်းထိုးထားတဲ့ သောက်ရေအိုးစင်ကလေးရှိတဲ့ ခြံဝင်းထဲက အေးချမ်း


mgyoe.com

ငြိမ်သက်နေတဲ့ အိမ်ကြီးကိုတော့ ဆရာမင်းသုဝဏ်ရဲ့အိမ်မှန်း သိတဲ့ အချိန်ကစပြီး အိမ်ထဲမှာ ဆရာ့အရိပ်အရောင်များ တွေ့ရလေမလားလို့ ကျွန်တော်တို့ ဖြတ်သွားတိုင်း တစေ့တစောင်းကြည့်မိပါတယ်။ တစ်ခါ ကျွန်တော်တို့ကို စိတ်ကြိုက် မြန်မာစာသင်တန်းမှာ အာဝဇ္ဇန်းရွှင်ရွှင် သင်ကြားပို့ချပေးနေတဲ့ ဥပဓိရုပ်ကောင်းကောင်း မျက်လုံးပြူးပြူး ရှုမဝ မဂ္ဂဇင်းထဲက ကျွန်တော်စွဲလမ်းခဲ့တဲ့ 'တိမ္မူး' ဝတ္ထုတွေရေးတဲ့ တက္ကသိုလ် မောင်မောင်ကြီး ဖြစ်နေမှန်းသိရတော့လည်း အံ့သြဝမ်းသာဖြစ်ရပါတယ်။

မဂ္ဂဇင်းတွေထဲမှာ 'ပထမကလောင်'၊ 'ဒုတိယကလောင်'၊ 'တတိယ ကလောင်' ဆိုပြီး စာစရေးတဲ့ အတွေ့အကြုံတွေကို ဟာသမြောက်အောင် ရေးခဲ့တဲ့ 'ကထိက ဦးကျော်ရင်' ဆိုတာဟာလည်း ကျွန်တော်တို့ကို သင်ကြားပို့ချနေတဲ့ မျက်ခုံးကောင်းကောင်း၊ ပါးချိုင့်ကလေးပေါ်အောင် ပြုံးတတ်တဲ့ ဆရာဦးကျော်ရင်ဖြစ်နေပြန်ရော။ ဆယ်တန်းတုန်းက 'ကဗျာ ပန်းကုံး' မှာ 'ကေသီပန်' ကဗျာကို သဘောကျခဲ့တဲ့ ကျွန်တော်တို့ဟာ အဲဒီကဗျာရေးတဲ့ တက္ကသိုလ်မောင်သန့်စင်လို့ခေါ်တဲ့ မြန်မာစာပါမောက္ခ ဆရာကြီး ဦးဇမောင်ကိုလည်း အဝေးကကြည့်ပြီး အားကျခဲ့ရပါတယ်။ ပိုးလုံချည်အစိမ်းနု၊ ခေါင်းပေါင်းအစိမ်းနုနဲ့၊ မျက်မှန်တဝင်းဝင်းနဲ့ အာဝဇ္ဇန်း ကောင်းကောင်း သင်ကြားပို့ချနေတဲ့ ဆရာကြီးရဲ့ဟန်ကို ကြည့်ပြီးအားကျ တာပါ။ ဆရာကြီးနဲ့တော့ အတန်းကြီးမှာပဲ သင်ရပါတယ်။

အဲဒီလို စာရေးဆရာကြီးတွေ ကဗျာဆရာကြီးတွေကို အားကျရင်း ကျွန်တော်တို့လည်း အခွင့်သင့်တဲ့အခါ ကဗျာတွေဆောင်းပါးတွေ စာညွှန့် တွေ ရေးကြပါတယ်။ တက္ကသိုလ်မင်းမော်တို့၊ သိန်းသန်းထွန်းတို့၊ မောင် လွန်းကြင်တို့၊ အောင်သင်းတို့နဲ့တော့ လူချင်းလည်း ခင်ပါတယ်။ မြန်မာစာ ဂုဏ်ထူးတန်းလာတက်တဲ့ ကိုတင်မိုးနဲ့လည်း ခင်သွားပါတယ်။ အဲဒီတုန်း က ထွန်းထွန်း (ဆေးသိပ္ပံ) တို့၊ မောင်လင်းယုန် (ရှမ်းပြည်)တို့၊ တက္ကသိုလ်ကြူကြူသင်းတို့ မဇော် (ရန်ကုန်တက္ကသိုလ်) တို့လည်း စာတွေ တော်တော် ရေးနေကြပါပြီ။ ရှုမဝကိုဆွေတင့်လည်း ကျောင်းမှာ ရှိနေပါ တယ်။ မှတ်မှတ်ရရ ၁၉၆၂–၆၃ မှာ ရန်ကုန်တက္ကသိုလ် ကလောင်


mgyoe.com

mgyoe.com SAMPLE BOOK

အသင်းမှာ ကိုသိန်းသန်းထွန်းက ဥက္ကဋ္ဌ၊ ကိုသင်းအောင်က အတွင်းရေးမှူး ဖြစ်လာတယ်။ သူတို့လက်ထက်မှာ 'မြကျွန်းသာကဗျာများ' ဆိုတဲ့ ကဗျာစာအုပ်ကလေး တစ်အုပ်ထုတ်ဖြစ်တယ်။ စာဆိုတော်နေ့ အထိမ်းအမှတ်ပါ။ ကျွန်တော်လည်း ဝင်ရေးဖြစ်ပါတယ်။ အဲဒီနှစ်မှာ 'ရန်ကုန် တက္ကသိုလ် ကဗျာစာပေအသင်းကြီး' ဆိုတဲ့ ကဗျာ အသင်းလည်းပေါ်လာပြီး သူတို့ကလည်း 'ပိတောက်လမ်းကဗျာများ' ဆိုပြီး ကဗျာစာအုပ်တစ်အုပ် ထုတ်ပါတယ်။ အဲဒီကဗျာစာအုပ် ၂ အုပ်မှာ ပါဝင်ရေးသားကြတဲ့ ကဗျာဆရာအင်အားဟာ မနည်းပါဘူး။ အဲဒီတုန်းက ရန်ကုန်တက္ကသိုလ်က လူငယ်စာရေးဆရာ၊ ကဗျာဆရာတွေကို ကိုယ်စားပြုနိုင်တယ်လို့ ထင်ပါတယ်။

ရန်ကုန်တက္ကသိုလ် ကလောင်အသင်းက ကျင်းတဲ့ ဆရာကန်တော့ပွဲမှာ ဆရာကြီး ဦးဖေမောင်တင် ဩဝါဒပေးတာတွေ၊ အဲဒီတုန်းက ကျင်းပတဲ့ ဟောပြောပွဲတွေမှာ ဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့၊ ဆရာကြီးသခင်ဘသောင်းတို့၊ ဆရာကြီးဦးမျိုးမင်းတို့၊ ဆရာဒေါက်တာသန်းထွန်းတို့၊ ဆရာဒေါက်တာ ခင်မောင်ဝင်းတို့၊ ဆရာဦးတင်ဇေ (ရှမ်းပြည်) တို့ဟောပြောကြတာတွေ၊ ပြီးတော့ ဘွဲ့နှင်းသဘင်ခန်းမမှာ တက္ကသိုလ်က ဆရာ၊ ဆရာမတွေက တစ်ဖက်၊ သာကဒိုးတို့ ဦးစိန်လွင်လေးတို့ စောညိုစိမ့်တို့ စာရေးဆရာတွေက တစ်ဖက် စကားရည်လုပွဲလုပ်တဲ့အခါ အစောင်းအချိတ်တွေ ဟာသတွေနဲ့ ပြောကြဆိုကြတာတွေဟာ အမှတ်တရဖြစ်စရာတွေပါပဲ။ ဆရာကြီး ဦးမျိုးမင်းက 'စာပေအဖွင့် ပုံသစ်လောင်းသင့်ပြီ' ဆိုတဲ့ ခေါင်းစဉ်နဲ့ မြန်မာစာပေသုတေသနပြုရေးကိစ္စတွေ ဟောခဲ့ပြောခဲ့တာ သိပ်အကျိုးရှိပါတယ်။ ဆင်ခြင်စဉ်းစားစရာတွေ အများကြီးပါတယ်။

ကျွန်တော် ဆရာဖြစ်လာပြီး ပုသိမ်ကောလိပ်မှာ ၂ နှစ်အမှုထမ်းပြီး၊ ရန်ကုန်တက္ကသိုလ် ပြန်ရောက်လာတော့ အမိကဘာသာစနစ်ကို ကျင့်သုံးတဲ့ စနစ်သစ် ပညာရေးစနေပါပြီ။ ဘာသာရပ်အသင်းတွေက မဂ္ဂဇင်းတွေ ဂျာနယ်တွေ ထုတ်ကြတဲ့ကာလပါ။ မြန်မာစာကလည်း 'မြန်မာဂုဏ် မဂ္ဂဇင်း' 'မြန်မာဂုဏ်ဂျာနယ်' ကို ပုံမှန်ထုတ်နေတဲ့ အချိန်ပါ။ အဲဒီမှာ မြန်မာစာ မိသားစုရဲ့ စာပေအသိုင်းအဝန်းထဲ ကျွန်တော် ရောက်သွားပါ


mgyoe.com